


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သောတရားတော်

# ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်နဲ့ ကြည့်ပေးပါ

၁၃၉

ဟောကြားသည့်နေ့
၂၁-၂-၆၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ကိုယ့်ခန္ဓာ၊ ကိုယ့်ဉာဏ်နဲ့ ကြည့်ပေးပါ

(၂၀-၂-၆၂)

စာမူခွင့်ပြုချက် အမှတ် - ၁၄၃/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၅၁ / ၂၀၀၁ (၃)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၁ ခုနှစ်၊ မတ်လ
တန်ဖိုး - ( )

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သော တရားတော်

# ကိုယ့်ခန္ဓာ၊ ကိုယ့်ဉာဏ်နဲ့ကြည့်ပေးပါ (၁)

(၂၀-၂-၆၂)

တရားနှလုံးသွင်းကြ၊ သတ္တလောကကို ပယ်လည်း မပယ်ရဘူး၊ ဖယ်ထိုက်တဲ့အခါကြတော့လည်း ဖယ်ရမယ်၊ ပယ်လည်း မပယ်နဲ့၊ ဖယ်ထိုက်တဲ့အခါကျတော့လည်း ဖယ်ရမယ်လို့မနေ့က သင်ထားတယ်။

## သတ္တလောကမဖယ်ရင်၊ မဂ်ဖိုလ်တားတယ်

ပယ်လိုက်ပြန်တော့လည်း အပါယ်ကျတယ်၊ ဖယ်သင့်တဲ့အခါ မဖယ်ပြန်တော့လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တားတယ်၊ အဲ့ဒါကြောင့် ဒီသတ္တလောကကြီးဟာ အသုံးချတတ်လို့ရှိရင် သုဂတိရောက်ပြန်တာပဲ။

အသုံးမချတတ်လို့ရှိရင်လည်း သတ္တလောကကြောင့်ပဲ အပါယ်လေးပါးသွားတာပဲ၊ မဖယ်တတ်ပြန်လို့ရှိရင်လည်း သတ္တလောကကြောင့် ဒိဋ္ဌိကပ်တယ်။

ဖယ်တတ်ပြန်လို့ရှိရင်လည်း သတ္တလောကပျောက်ပြီး သင်္ခါရလောကပေါ်လာတယ်၊ သတ္တလောကပျောက်ပြီး သင်္ခါရလောကပေါ်လာတယ်။

## သတ္တလောကဆိုတာ

သတ္တလောကဆိုတာ ခန္ဓာအထည်ကြီး ယောက်ျား၊ မိန်းမကိုဆိုသည်၊ သင်္ခါရလောကဆိုတာ ဒီထဲမှာ ရုပ် နာမ် ဓမ္မဖြစ်ပျက်ကိုဆိုလိုသည်။

သတ္တလောကဖယ်လိုက်မှ ဒီနေ့တရားမှာ သင်္ခါရလောကပေါ်လာတယ်လို့အောက်မေ့ပါ။ သတ္တလောက ဖယ်လိုက်ရင် ဘာပေါ်လာမတုံး (သင်္ခါရလောက ပေါ်ပါတယ်ဘုရား)။

သင်္ခါရလောက ပေါ်လာတော့မှ၊ ဩဘ် ဉာဏ်နဲ့စိုက်ကြည့်လိုက်တဲ့အခါကျတော့၊ သင်္ခါရဆိုတာ အနိစ္စလမ်းဆုံးတာကိုဆိုတော့မှ သဗ္ဗေ သင်္ခါရာ အနိစ္စထဲ သွားဝင်တယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စထဲဝင်သွားတော့၊ ဝင်ချင်လို့ဝင်တာလားလို့ ဝိပဿနာဉာဏ်ထဲကို ဝင်ချင်လို့ ဝင်ရတာလားမေးလိုက်တဲ့အခါ၊ သတ္တလောက ဖယ်လိုက်လို့ သင်္ခါရလောကကြီးက ပေါ်လာတယ်။

သတ္တလောကကိုဖယ်လိုက်တော့မှ ၊ သင်္ခါရလောက ကြီး ပေါ်လာတော့မှ၊ သဗ္ဗေ သင်္ခါရာ အနိစ္စဆို ဒီဉာဏ်နဲ့ တွဲရမယ်။

အဲ့တော့ သတ္တလောကဖယ်ရင် သင်္ခါရလောက ပေါ်လာပြီ ပေါ်လာတဲ့သင်္ခါရလောကနဲ့ ဉာဏ်နဲ့တွဲပါ။ ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာလည်း ရုပ် နာမ် ဓမ္မတွေချည်း ခဏ ခဏ ဖြစ်မှု ပျက်မှု တွေဟာသည် သင်္ခါရလောက။

အဲ့ဒီ သင်္ခါရလောကကို ဉာဏ်နဲ့မတွဲဘဲ မနေကြပါနဲ့၊ ဉာဏ်နဲ့တွဲရင် ဝိပဿနာ၊ ဉာဏ်နဲ့တွဲရင် ဝိပဿနာလို့ မှတ်ပါ၊ သင်္ခါရလောကနဲ့ ဉာဏ်နဲ့တွဲရင် ဘာခေါ်မတုံး (ဝိပဿနာပါ ဘုရား)။

သင်္ခါရလောကအဆုံးနဲ့ ဉာဏ်နဲ့ တွဲလိုက်ပြန်တော့ လည်းတဲ့၊ သင်္ခါရလွတ်တဲ့နယ်နဲ့ ဉာဏ်နဲ့တွဲလိုက်ပြန်တော့လည်း မဂ်ဖြစ်သွားတယ်၊ (တင်ပါ့ဘုရား)။

## သင်္ခါရလောကနဲ့ ဉာဏ်နဲ့တွဲရင် ဝိပဿနာ

သင်္ခါရလောကနဲ့ ဉာဏ်နဲ့တွဲရင် ဝိပဿနာ၊ သင်္ခါရ လောကအဆုံးနဲ့ ဉာဏ်နဲ့တွဲရင် မဂ်ဖြစ်သွားတယ်၊ ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

သတ္တလောကဖယ်လိုက်ရင်တော့ ဘာတွေမတုံး၊ (သင်္ခါရလောကတွေ့တယ်)၊ သင်္ခါရလောကနဲ့ ဉာဏ်နဲ့ တွဲလိုက်ရင် ဝိပဿနာဖြစ်တယ်၊ ၎င်းသင်္ခါရလောကအဆုံး လိုက်သည့်တိုင်အောင် ဒကာ၊ဒကာမတွေက ကြိုးစားလိုက်လို့ ရှိရင်၊ သင်္ခါရလောကဆုံးသွားလို့ရှိရင်ဖြင့်၊ သင်္ခါရလောက အဆုံးနဲ့ ဉာဏ်နဲ့ တွဲလိုက်လို့ရှိရင်၊ အဲ့ဒိဉာဏ်ကတော့ လောကုတ္တရာမဂ်ဉာဏ်ဖြစ် ပါတယ်။

## လောကုတ္တရာမဂ်ဉာဏ်

ဝိပဿနာမဂ်ဉာဏ်ထက် အထက်တန်းကျတဲ့ လောကုတ္တရာ မဂ်ဉာဏ် ဖြစ်သွားတယ်လို့ဆိုတာ သေသေ ချာချာ မှတ်ရမယ်၊ (တင်ပါ့ဘုရား) ဒါအလုပ်စဉ်ပဲ။

သုံးခွန်းပြောပြီ ဒီနေ့ မနေ့က နှစ်ခွန်းပြောတယ်၊ ယနေ့ သုံးခွန်းပြောတယ်လို့ မှတ်ရမယ်၊ (တင်ပါ့ဘုရား)။

သတ္တလောကဖယ်လိုက်ရင် သင်္ခါရလောကပေါ်လာ တယ်ဆိုတာ တစ်မျိုး၊ သင်္ခါရလောကနဲ့ ဉာဏ်နဲ့တွဲရင် ဝိပဿနာဖြစ်တယ်ဆိုတာကိုလည်း သေချာမှတ်ရမယ်၊ ၎င်းသင်္ခါရ လောကအဆုံးလိုက်ပြီးသကာလ၊ ဉာဏ်နဲ့တစ်ခါ တွဲလိုက်ပြန်တော့၊ လောကုတ္တရာမဂ်ဉာဏ်ဖြစ်သွားတယ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တွေသွားဖြစ်တယ်လို့ မှတ်ရမယ်၊ (တင်ပါ့ ဘုရား)။

ဒါဖြင့် ဒီဥစ္စာ ဒီလိုမဖယ်တတ်၊ မရှားတတ်၊ ဉာဏ်မတွဲတတ်တဲ့ ပုဂ္ဂိုလ်မှာဖြင့်၊ အင်း လူရယ်လို့သာဖြစ်ရတယ် သူဘာမှ မသိဘူးဆိုတာဘဲ ဆုံးဖြတ်ချက်ချမယ်။

အခုသေသွားတဲ့ ပုဂ္ဂိုလ်တွေသည်၊ သတ္တလောကမဖယ်နိုင်ဘဲနဲ့ သေသွားကြတာ၊ အခုသေသွားကြတဲ့ ဆရာကောင်း၊ သမားကောင်းနဲ့ နည်းနာနိဿရကောင်း မရတဲ့ပုဂ္ဂိုလ်များ သတ္တလောကအမှတ်နဲ့ပဲ သေသွားကြတယ်။

ငါ့ဖြင့် အမေသေသွားပြီ၊ သတ္တလောကနဲ့ သတ္တလောကအမှတ်နဲ့ပဲ သူ့စိတ်ကျန်ရစ်တာပဲ၊ အဖေသေသွားပြီ ငါတစ်ကောင်ကြွက်ပဲ၊ မောင်နှမနှစ်ယောက် ကျန်တော့တယ်၊ ခက်ပါသေးရဲ့။

ဆုံးမမည့်သူလည်းမရှိ၊ သွန်သင်မည့်သူလည်းမရှိနဲ့ ဝမ်းတောင်နည်းလိုက်သေးတယ်၊ ဒါဖြင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်မရတဲ့ပုဂ္ဂိုလ်များ မဖယ်ပဲနဲ့ သုံးနှစ်သုံးသီး လွမ်းဆွေးနေတာတွေဟာ၊ သတ္တလောက မဖယ်နိုင်တဲ့ စိတ်တွေလို့မှတ်ရမယ်။

သုံးနှစ်သုံးသီး သေသည့်တိုင်အောင်ပဲ လွမ်းဆွေးတာသနေတာကို၊ ဘယ့်နှယ့်ကြောင့် ဒီဟာကြီးပေါ်နေပါလိမ့်မတုံးမေးတဲ့ အခါကျတော့မှ၊ သတ္တလောက မကျော်လွှားနိုင်လို့ဖြစ်နေတာ၊ (တင်ပါ့ဘုရား)၊ ရှင်းပလားကွ၊ (ရှင်းပါပြီဘုရား)။

## အပါယ်သွားတာကိုကြော်ငြာတယ်

သတ္တလောကကိုမကျော်လွှားနိုင်တာနဲ့ပဲ၊ ဒီနေ့ပဲ သတင်းစာကြည့်လိုက်တော့၊ ကိုအောင်ပ သုံးနှစ်ပြည့်ပါပြီဆိုပြီး သကာလ သူ့အမေမျက်နှာ၊ သူ့သမီးမျက်နှာ လွမ်းဆွတ်တယ်လို့လာသေး၊ ဩော်ခက်ပကော၊ မကျော်နိုင်ရှာကြတော့ လွမ်းတာကိုပဲ အဖိုးတန်ယူပြီးသကာလ၊ အပါယ်သွားတာ ကြော်ငြာပေးလိုက်တယ်၊ အပါယ်သွားတာ ကြော်ငြာပေးလိုက်တယ်၊ (မှန်ပါတယ်)။

သေတာဖြင့် သုံးနှစ်ရှိသွားပြီ၊ ဒီကလွမ်းဆွတ်လို့ မပြီးသေးဘူးဆိုတော့၊ သူလည်း ဘယ်ရောက်မှန်းမသိဘူး၊ ကိုယ်တော့ဖြင့် အပါယ်သွားဦးမယ် ဆိုတဲ့ဥစ္စာကို ကြော်ငြာပေးလိုက်တာပဲ။

သို့သော် လောကကြီးက သား၊ သမီးများကသတိရတယ်ဆိုပြီး မသိတဲ့ပုဂ္ဂိုလ်များ ဂုဏ်ယူလေ့ရှိတယ်၊ ဂုဏ်ယူတာလား၊ အပါယ်သွားနိုင်တယ်လို့၊ သွားဖို့ရာ ကျုပ်တို့မှာဖြင့် ဒီစိတ်တွေပေါ်တုန်းပါပဲလို့ ပြောတာလားလို့မေးရင် ဘယ်နှယ့်ဖြေကြမတုံး (ဂုဏ်ယူတာမဟုတ်ပါဘူး ဘုရား)၊ အပါယ်သွားဖို့ ပေါ်နေတယ်လို့ ပြောတာပဲ၊ ဒါဉာဏ်နဲ့နားထောင်ပါ။

## အပါယ်သွားတဲ့ဉာဏ်တွေ

ခေတ်ကတော့ ပြောင်းသွားပြီ၊ (တင်ပါ့ဘုရား) ခေတ်က တော့ ပြောင်းသွားပြီ၊ အပါယ်သွားတဲ့ဉာဏ်တွေသာ ထိုးထွင်းလာတော့တယ်၊ သတ္တလောက မဖယ်နိုင်ဘဲနဲ့ ကျန်ရစ်တဲ့ အဓိပ္ပါယ်ကော ရှင်းမသွားသေးဘူးလား၊ (ရှင်းပါပြီ ဘုရား)။

ဒီသားတွေ၊ ဒီသမီးတွေမှာ ခုထက်တိုင်တိုင် သုံးနှစ်၊ ဒီလို လွှမ်းဆွတ်နေသေးတယ်ဆိုတဲ့ အဓိပ္ပါယ်၊ သတ္တလောက မဖယ်ရှားနိုင်ဘူး၊ မဖယ်ရှားနိုင်တာနဲ့ အပါယ်သွားပါမယ်ဆိုတဲ့ ကြော်ငြာ ထွက်လာတယ်။

## လောကကြီးကိုကျောပေးမှ

ဒါ ဉာဏ်နားကြီးကြီးနဲ့ထောင်မှ လောကကြီးကို ကျောပေးမှ ဒီတရားကို နာလို့ဖြစ်တယ်၊ လောကကြီး ကျောမပေးလို့ရှိရင် လည်း ခုခေတ်က ဂုဏ်ယူနေတဲ့ခေတ်။

ကိုင်း ဒါဖြင့် သတ္တလောကကို ဖယ်လိုက်တော့ သင်္ခါရ လောကပေါ်တယ်၊ (တင်ပါ့ဘုရား)၊ ရုပ်နာမ် ဖြစ်ပျက် ပေါ်လာတယ်ကွ၊ မောင်ချစ်ဆွေက (မှန်ပါ့ ဘုရား)၊ အဲဒါ ဉာဏ်နဲ့တွဲလိုက်တော့ ဝိပဿနာဖြစ်တယ်၊ အဲဒါ ဉာဏ်နဲ့တွဲပြီး ဆုံးအောင်လိုက်လိုက်တဲ့အခါကျတော့၊ သင်္ခါရလောက လည်းဆုံးပါရော၊ နိဗ္ဗာန်ဆိုတာနဲ့ မဂ်ဉာဏ်နဲ့သွားတွဲတာပဲ။

ဪော် ဒါဖြင့် ဒို့မှာအရေးကြီးနေတာ သတ္တလောက ဖယ်ပြီး၊ သင်္ခါရလောကရှာဖို့အရေးဟာ၊ ဒို့ ဝိပဿနာ အရေးတကြီးလိုရင်းအရေးပါလားဆိုတာ မှတ်မိကြပလား၊ (မှတ်မိပါပြီ ဘုရား)။

သတ္တလောက ဖယ်လိုက်တော့ ဘာတွေတုံး၊ (သင်္ခါရ လောကတွေပါတယ် ဘုရား)၊ သင်္ခါရလောကနဲ့ ဘာနဲ့တွဲမယ်၊ (ဉာဏ်နဲ့တွဲရမယ် ဘုရား)၊ ဉာဏ်နဲ့တွဲရင် ဝိပဿနာဖြစ်တယ် (တင်ပ့ါ ဘုရား)။

## လောကုတ္တရာမဂ်ဉာဏ်

အဲ့ဒီ ဉာဏ်နဲ့ပဲ သင်္ခါရလောက ဆုံးအောင်လိုက်ရင် အသခ်ၤတဖြစ်တဲ့ဆီရောက်တယ်၊ အသင်္ခတနိဗ္ဗာန်နဲ့ ဉာဏ်နဲ့ သွားတွဲတာပဲ၊ အဲ့ဒါကျတော့ လောကုတ္တရာမဂ်ဉာဏ် ဖြစ်သွားတယ်၊

သင်္ခါရလောကနဲ့ ဉာဏ်နဲ့တွဲတုန်းက ဝိပဿနာ၊ သင်္ခါရလောကအဆုံးနဲ့ ဉာဏ်နဲ့တွဲလိုက်တဲ့ အခါကျတော့ ဝိပဿနာ လမ်းဆုံးဖြစ်တဲ့ လောကုတ္တရာမဂ်ရသွားပြီ . . . (တင်ပ့ါ)။

အဲ့ဒီကျအောင် ဒီစကားသုံးခွန်းပြောတာကိုလည်း မောင်ချစ်ဆွေတို့၊ အစ်မတို့က သေသေချာချာ မှတ်ရမယ်၊

(မှန်ပါတယ် ဘုရား) ဒီလိုသွားမှပါလား၊ ဒီလိုမသွားရင်ဖြင့် ခက်ပကော။

သူ့မဖယ်နိုင်လို့ပဲ ခုနင်က ပြောခဲ့တဲ့ လောကကြီး ဖြစ်စဉ်တွေပေါ်လာတယ်၊(တင်ပ့ါ ဘုရား)၊ ငိုတယ်၊ တသတယ်၊ လွမ်းဆွတ်တယ်၊ ဒါဘာမဖယ်နိုင်လို့ တုံ့ဆိုတော့ မောင်ချစ်ဆွေ ရိပ်မိရောပေ့ါ၊(ရိပ်မိပါပြီ ဘုရား၊ သတ္တလောက မဖယ်နိုင်လို့ပါ ဘုရား)။

သတ္တလောကမဖယ်နိုင်လို့ ဟိုမှာသတ္တဝါဖြစ်တာ၊ အဖေ သတ္တဝါ၊ အမေသတ္တ၊ အဖေ၊ အမေဆိုတဲ့သတ္တ လောကကြီး၊ သတ္တလောက ပညတ်ကြီးက တစ်ခါတည်း နှိပ်စက်လိုက်တဲ့ ဖြစ်ခြင်း၊ သုသာန်ပို့တိုင်း သူများမသာအတွက်ရောက်ပြီး၊ ကိုယ့် မသာအတွက် မျက်ရည်ကျတယ်။

သင်္ခါရမရောက်လို့ ဖြစ်ရတဲ့အဖြစ်တွေ အတော် ကြီးတယ်၊ (မှန်ပ့ါ ဘုရား)၊ မကြီးဘူးလား၊ (ကြီးပါတယ်ဘုရား)။

## မသာတစ်ခေါက်၊ကျောင်းဆယ်ခေါက်

အဲ့ဒါတွေကို ခုလို နက်နက်နဲနဲ ပြောလာတော့မှ၊ သြော် ရှေးကတော့ ပြောကြတယ်၊ "မသာတစ်ခေါက်၊ ကျောင်း ဆယ်ခေါက်" ကျောင်းဆယ်ခေါက်ထက် မသာတစ်ခေါက်က ကျေးဇူးများတယ်ဆိုတာက ဒါဆိုတာမှမဟုတ်ဘဲပဲ၊ သြော် အနတ္တတွေမို့ အကုန်ပဲဒီရောက်ကုန်ကြပြီ။

သူတို့နေချင်ရဲ့သားနဲ့ မနေနိုင်ကြ၊ သူတို့စိတ် သူတို့ မပိုင်၊ သူတို့ရုပ်သူတို့မပိုင်လို့ အနတ္တတွေဖြစ်ကုန်ကြပြီလို့ဆိုတာ၊ ဒီဉာဏ်ရောက်ပါစေလို့ မသာတစ်ခေါက်ဆိုတာ။

ကျောင်းဆယ်ခေါက်ဆိုတာက၊ ကျောင်းမှာတော့ နာရပြုရတာ ရှိပါတယ်၊ ရှိပေမဲ့ဉာဏ်ထဲမှာ သက်သေက မလုံလောက်ဘူး၊ သုသာန်လိုသက်သေခံမလုံလောက်ဘူး (တင်ပါဘုရား)။

သုသာန်နဲ့သက်သေခံမလုံလောက်တော့၊ ရှေ့လူကြီးတွေ ပုံပြင်လုပ်ထားတာလား၊ စကားပုံ လုပ်ထားတာလား၊ မသာတစ်ခေါက်ကျောင်းဆယ်ခေါက်ကျေးဇူးများတယ်၊ မသာတစ်ခေါက်က ကျောင်းဆယ်ခေါက်သွားတဲ့ဆယ်ခေါက်ထက် ကျေးဇူးများတယ်။

အဲဒါ သူတို့ပြောတာ အင်မတန်မှန်ပြားသော်လည်း၊ ယခုအခါမှာဖြင့် မသာခေါက်တိုင်းအပါယ်သွားတယ် (တင်ပါ့ဘုရား)၊ ဂူလေးမှတ်လို့၊ မြေပုံလေးမှတ်လို့၊ မျက်ရည်လေးသုတ်လို့ (မှန်ပါတယ်ဘုရား)။

## မသာဆယ်ခေါက်၊ အပါယ်ဆယ်ခါ

မသာဆယ်ခေါက်သွား၊ ဆယ်ခါအပါယ်သွားတာပဲ၊ ဆယ်ခါပဋိစ္စသမုပ္ပါဒ်လာဆက်တာပဲ (တင်ပါ့ဘုရား)၊ သောက၊

ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဇာတိ၊ ဇရာ၊ မရဏ၊ အနာဂတ်ဖြစ်ကြောင်းချည်း ကြိုးစားနေတာ၊ အနာဂတ် ဒုက္ခသစ္စာဖြစ်ကြောင်းချည်းကြိုးစားနေတာ (တင်ပ့ါ)၊ ဆိုနိုင်ဘူး လား (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် အခုအခါ မသာဆယ်ခေါက်သွား အတော်နစ်နာပါတယ်၊ ကိုင်း ဒါဖြင့် ဒီဟာ ဩော် အတ္တဒိဋ္ဌိ မပြုတ်လို့ လာတာပဲ၊ အတ္တဒိဋ္ဌိဘယ်က လာပါလိမ့်မတုံးလို့ မေးလိုက်တဲ့ အခါကျတော့၊ အတ္တဒိဋ္ဌိဆိုတာ ယောကျာ်း၊ မိန်းမ၊ သတ္တဝါပညတ်ကနေပြီးလာတာပဲ။

သတ္တဝါပညတ်ကနေပြီး အတ္တဒိဋ္ဌိတွေလာတာပဲ စာလိုပြောတော့ ခန္ဓာကလာတယ်၊ အတ္တဒိဋ္ဌိဘယ်ကလာသတုံး ခန္ဓာကလာတယ်။

ငါ လေးလုံး ခြောက်ဖက်ကြီး၊ နေနိုင်သေးတယ် ဩော် သူ့ခန္ဓာသူကြည့်ပြီးသကာလ ငါထွက်လာတာပဲ၊ ငါနည်းနည်း မိုက်သေးတယ်၊ ငါသွားနိုင်သေးတယ်၊ ငါလုပ်နိုင်သေးတယ်၊ ဩော် ခန္ဓာကထွက်လာတဲ့၊ ခန္ဓာအကြည့်မှားပြီးသကာလ ဖြစ်လာတဲ့ အတ္တဒိဋ္ဌိ။

## ခန္ဓာအကြည့်မှားလို့ အတ္တဒိဋ္ဌိ

ဒီအတ္တဒိဋ္ဌိက ဘယ်ကလာသတုံးလို့ ယနေ့မေးလို့ရှိရင်၊

ခန္ဓာအကြည့်များက လာတယ်လို့ မှတ်ကြပါ (တင်ပါဘုရား) ဘယ်ကလာတုံး (ခန္ဓာအကြည့်များလို့ လာတာပါဘုရား) ခန္ဓာအကြည့်များတာက လာတာ။

ကျုပ်များ ဘယ့်နှယ့်ထင်လို့တုံး၊ တစ်ခါ တစ်ခါစိတ်ဆိုးတဲ့အခါကျတော့၊ လင်ရယ်သားရယ်လို့သာ လောကကြီးထဲ၊ မရှိမကောင်း ရှိမကောင်းမို့သာပေါင်းသင်းနေရတယ်- အစရှိသည်နဲ့ လာသေးတာပဲ၊ နှင်ကြ၊ ပုတ်ကြ၊ ညြော် သတ္တလောကအတွက် တစ်ခါတည်း မာန်တွေ ငါတွေ အကုန်ထွက်လာတယ် (တင်ပါ့)။

ဒါကြောင့် သတ္တလောကကြောင့် ဒိဋ္ဌိဖြစ်လာတယ် (တင်ပါ့ဘုရား)၊ ဒိဋ္ဌိငါဖြစ်လာတယ်၊ မာနငါဖြစ်လာတယ်၊ ဒါကြောင့် သတ္တလောကသည် အကြည့်မတတ်တဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် အပါယ်သွားဖို့ပဲ (တင်ပါ့ဘုရား)။

အကြည့်မတတ်တဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် (အပါယ်သွားမှာပါဘုရား) အပါယ်သွားဖို့ပဲဆိုတာ အထူးတလည် သေချာသွားတယ်။

ဒါသေသေချာချာ မကြည့်တတ်ပြန်လို့ ရှိရင်လည်း၊ သတ္တလောကဖယ်ပြီး သင်္ခါရလောကကြည့်လိုက်ပြန်လို့ရှိရင်လည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်နိုင်တာပဲ။

ဒါဖြင့် သတ္တလောကဖယ်ပြီး သင်္ခါရ လောကရောက်

အောင် ကြည့်နိုင်တဲ့ပုဂ္ဂိုလ်မျိုးမှ နိဗ္ဗာန်ရောက်နိုင်တယ် (တင်ပါဘုရား) ဘယ်လို ဆုတောင်းဆုတောင်း မရဘူး သတ္တလောကဖယ်ဦးမှပဲ၊ သင်္ခါရလောကလည်း တွေ့ဦးမှ ဆုတောင်းလို့တော့ (မရပါဘူးဘုရား) မရဘူးတဲ့ ဆုတောင်းတာလည်း ဒီကိုယ်ကြီးနဲ့ နိဗ္ဗာန်ရောက်ရပါလို၏လို့ ဆုတောင်းတာကို (တင်ပါဘုရား)။

နောက်ဘဝကျ နိဗ္ဗာန်ရရပါလို၏ ပြောတော့ နောက်ဘဝကျ နိဗ္ဗာန်ရရပါလို၏ ပြောတာ၊ (တင်ပါဘုရား) ဒီကိုယ်နဲ့တော့ ရကိုမရနိုင်ဘူး၊ နိဗ္ဗာန် ဒီကိုယ်မှ မရှိပဲနဲ့ (တင်ပါ့ဘုရား) မရနိုင်ဘူးတဲ့။

အဲဒါကြောင့် သတ္တလောကကို ဖယ်မှ သင်္ခါရလောကကို တွေ့ပါတယ်ဆိုတဲ့ ဥစ္စာ ရှင်းသွားတယ် (တင်ပါ)။

ကိုင်း ဒါဖြင့် သင်္ခါရလောက မရောက်သရွေ့ ကာလပတ်လုံးဖြင့် မျက်ရည်ပွဲချည်း နွံကြမှာပဲ။ ရောက်ရာဘဝမှာ (နွံရမှာပါဘုရား) မောင်နှံနဲ့ခွဲရတာ လာမယ်၊ ခင်ပွန်းနဲ့ ခွဲရတာ လာမယ်၊ သားသမီးနဲ့ခွဲရတာလာမယ်၊ ကိုယ့်ကိုယ်ကို မလုပ်နိုင်မကိုင်နိုင်လို့ စိတ်မချမ်းသာရတယ်။

ဘာကြောင့် ဒါတွေ ဒီလောက်တောင် လာပါလိမ့် မတုံး မေးလုံးထုတ်တဲ့အခါကျတော့၊ ဩော် သတ္တလောက မဖယ်နိုင်တာနဲ့ သင်္ခါရလောက မတွေ့၊ မတွေ့တာနဲ့ သောက

ပရိဒေဝ ဒုက္ခ ဒေါမနဿတွေဟာ သူ့မှိုပေါက်နေတာပဲ ဆိုရင် ဒါ ဝန်ခံကြရမှာ (တင်ပါဘုရား)။

ဝန်ခံရတော့မယ် မခံရင် ဖြစ်ကိုမဖြစ်ဘူး၊ ဒါဖြင့် နိဗ္ဗာန် သွားတဲ့ပုဂ္ဂိုလ် လက်သည်းပေါ်က မြူမှုန်လောက်ရှိတယ် ဆိုတဲ့ဥစ္စာ၊ ဘုရား အပြောကြီးလိုက်တာလို့ ဒီလိုမဆိုကြပါနဲ့၊ သတ္တလောကကို ဘယ်သူမှ မဖယ်ဘူး၊ သင်္ခါရလောက မတွေ့ တော့ (တင်ပါဘုရား)။

မတွေ့ဘဲနဲ့ပဲ သေသွားကြ၊ ကြေသွားကြတော့ ဘယ် နိဗ္ဗာန် ရောက်တဲ့ပုဂ္ဂိုလ်ပါမှ မပါတာပဲ (မပါပါဘူးဘုရား) ပါသေးလား (မပါပါဘူးဘုရား)။

သတ္တလောက ကျော်သွားတဲ့ ပုဂ္ဂိုလ် ပါသေးလား (မပါပါဘူးဘုရား) သင်္ခါရလောက ရောက်တဲ့ပုဂ္ဂိုလ်ကော (မပါပါဘူးဘုရား)။

## ဝိပဿနာဉာဏ်ဆုံးမှ မဂ်ဉာဏ်

မပါတော့ ဝိပဿနာဉာဏ်တောင်မှ ပါမသွားရှာကြ ဘူး (တင်ပါဘုရား) ဝိပဿနာဉာဏ်မှ ပါမသွား၊ ဝိပဿနာ ဉာဏ်ဆုံးမှ မဂ်ဉာဏ်ကလည်း လာမှာဖြစ်နေတော့၊ မဂ်ဉာဏ် လာမှလည်း နိဗ္ဗာန်က တွေ့ရမှာဖြစ်နေတော့၊ မရဘူးဟေ့

ဘူးကွ၊ ဒါသေချာပြောရမယ် (တင်ပါဘုရား)။

အဖယ်အရှားတတ်မှ ရမှာကို (တင်ပါဘုရား) ဒီလမ်းသွားချင်ပါတယ်ဆိုရင် ဒီဆူးမဖယ်နိုင်ရင် ဒီလမ်းသွားဖြစ်တော့မှာ မဟုတ်ဘူး (တင်ပါဘုရား)။

အဲဒီသတ္တလောက ဆူးဟူသော ဆူးက စူးနေတော့ ကျုပ်ခက်တာပဲ၊ ငါခက်တာပဲ ငါတော့ဖြင့် မူတွေ လွဲပြီ အစရှိသည်နဲ့၊ တစ်ခါတည်း သတ္တလောက မကျော်နိုင်တာနဲ့ မူတွေ လွဲတာကစပြီး ဒီဘဝ ဒီမျှပဲ ထင်ပါရဲ့ ဆိုပြီးသကာလ သွားတာပဲ ကျော်ကိုမကျော်ဘူး၊ သိပ်ကြောက်စရာကောင်းပါလား (တင်ပါဘုရား)။

ဒါဖြင့် ဒီလိုကျော်သေသွားတဲ့ ပုဂ္ဂိုလ် မသာပို့ဖူးရဲ့လား လို့ မေးကြရင် အကုန်အဖြေထွက်လာမှာပဲ၊ မကျော်နိုင်ကြပါဘူး မကျော်နိုင်ကြပါဘူးဆိုတာ ဖြေရမှာပဲ (ဖြေရမှာပါဘုရား)။

မကျော်နိုင်လို့ရှိရင် သင်္ခါရလောက မတွေ့ဘူးကွ၊ ဝိပဿနာဉာဏ်မဆိုက်ဘူးဆိုတဲ့ စကားသုံးရမယ် မသုံးရဘူးလား (သုံးရပါမယ်ဘုရား)။

အဲဒီကဲ့သို့ သုံးတော့ကို ဒါ ဆရာသမားက အရင်းကျကျ ပြောနေတော့၊ ဒါမှမသုံးလို့ရှိရင်လည်း ဝိပဿနာဉာဏ်မပါပဲနဲ့ မဂ်ဉာဏ်အလိုလိုပေါ်တယ်လို့ မရှိဘူး (တင်ပါဘုရား)။

ဝိပဿနာဉာဏ်က ကျေးဇူးပြုမှ မဂ်ဉာဏ်ပေါ် လာ တယ် ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## အကြည့်မတတ်ရင် ဒိဋ္ဌိထွက်တယ်

ဒါဖြင့် အကြည့်မတတ်လို့ရှိရင်ဖြင့် သတ္တလောက အတွက် ဒိဋ္ဌိထွက်တယ် (တင်ပါဘုရား) မာနထွက်တယ် (တင်ပါ) သောကပရိဒေဝထွက်တယ် အကြည့်မတတ်လို့ရှိရင် (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်ကို ကြည့်လိုက်တဲ့အခါ သတ္တလောကတည်း ဟူသော ယောက်ျားကိုယ် မိန်းမကိုယ် ကြည့်လိုက်တဲ့အခါ ကျတော့ အင်-ငါ့ခါင်ပွန်းသည်လည်း အားကိုးလောက်သားပဲ သတ္တလောကက ထွက်လာတာ အားကိုး။

သူရှိနေရင် ဘာမှ ပူစရာမလိုဘူး၊ ကိုယ်နောက်ပိုင်းက နေရုံပဲ အစရှိသည်နဲ့ ဖြစ်လာတာ၊ သတ္တလောက မကျော်နိုင် တာနဲ့ သူအားကိုး မာန်ဖြစ်လာတာ၊ ကျုပ်မုဆိုးမ မဟုတ် သေးဘူးဆိုတဲ့ အဓိပ္ပါယ်မျိုး ထွက်လာတာ၊ မထွက်ဘူးလား (ထွက်ပါတယ်ဘုရား) အတော်ကြောက်စရာကောင်းတာကွ။

သတ္တလောကကြီးထွားလိုက်တာ မာန်ထွက်လာတယ်၊ ဒါပဲအားကိုးနေကြရတာပဲ၊ သားတွေ သမီးတွေက သူ့ကျန်းမာ ဖို့၊ သူ့ချမ်းသာဖို့၊ သူ့ပဲအရိပ်ကြည့် နေရတာပဲ၊ တစ်အိမ်လုံး

ခေါင်းဆောင်နေတာ၊ အစရှိသည်နဲ့ တစ်ခါတည်း သူ့ကြည့်ပြီး သကာလ၊ သာယာတဲ့အခါကျတော့လည်း တဏှာလာပြန် တာပဲ၊ ဝမ်းမြောက်နေတဲ့အခါ မလာဘူးလား (လာပါတယ် ဘုရား)။

တစ်ခါတလေ နေမကောင်းဘူးဆိုတဲ့အခါကျ၊ အင်း ဘယ့်နှယ့်များ ဖြစ်ဦးမှာပါလိမ့်မတုံးဆိုတဲ့ ကွယ်ရာသွား မျက်ရည်သုတ်တဲ့ ကိစ္စတွေကလည်း ရှိသေးတယ်ကွ၊ မရှိ ဘူးလား (ရှိပါတယ်ဘုရား)။

အဲဒါတွေကြောင့် သတ္တလောက မကျော်နိုင်တဲ့ ပုဂ္ဂိုလ် မှာ အဝိဇ္ဇာတို့၊ တဏှာတို့၊ ဒေါသတို့ဆိုတာ သူကထွက် လာတာ၊ အကြည့်မတတ်လို့ ဖြစ်ရတာ ရှင်းကြပလား (ရှင်းပါ ပြီဘုရား)။

## သတ္တလောက ဖယ်ပြီး သင်္ခါရလောကရှာ

ဒါဖြင့် အကြည့်တတ်နည်း နိဿရည်းပေးစမ်းပါလို့ ဆိုတော့မှ၊ ဟော့ သတ္တလောကဖယ်ပြီး သင်္ခါရ လောကတွေ့ အောင် ရှာကွ၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

သတ္တလောကကို (ဖယ်ပြီးတော့ သင်္ခါရလောကကို ရှာပါဘုရား) တွေ့အောင်ရှာရမယ် (တင်ပါဘုရား)။

တွေ့အောင်ရှာတော့မှ ခုနင်က သုံးခုသိမ်းသွားတယ်

(တင်ပါဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ် အစသိ၊ အလယ်သိ၊ အဆုံးသိ၊ သူသိလိုက်တဲ့အခါကျတော့ ဒါဝိပဿနာဉာဏ်၏ ကျေးဇူးက သေးတာမဟုတ်ဘူး (မသေးပါဘူးဘုရား)။

ဝိပဿနာဉာဏ်၏ ကျေးဇူးက အင်မတန်ကြီးကျယ် ခန်းနားတယ်ဆိုတဲ့ဥစ္စာ၊ ယနေ့တရားမှာ ထူးထူးလည်လည် ပေါ်လာတယ် (တင်ပါဘုရား)။

## ဂုဏ်တော်ပုတီးစိတ်နေတဲ့ပုဂ္ဂိုလ်

ဝိပဿနာ မလုပ်တဲ့ပုဂ္ဂိုလ်၊ သမထဘက် ဂုဏ်တော်တွေ ပုတီးစိတ်နေတဲ့ ပုဂ္ဂိုလ်များကဖြင့် သတ္တဝါ ကိုယ်ထည်ကြီးသာ ပေါ်လာမှာပဲ၊ ဒါပဲ ပေါ်လာမှာပဲ (တင်ပါ့ဘုရား) မကျော်နိုင်တော့ဘူး (တင်ပါ) ကျော်နိုင်သေးရဲ့လား (မကျော်နိုင်ပါဘုရား)။

တင်ပလ္လင်ခွေကြီးပေါ်လိုပေါ်၊ ဒါပဲပေါ်မှာပဲ (တင်ပါဘုရား) သတ္တဝါအဖြစ်သာ ပေါ်လာမှာပေါ့ကွာ (တင်ပါဘုရား)။

## ခန္ဓာကိုယ်ကြည့်နည်း

ကိုင်း ဒါဖြင့် အကြည့်တတ်ဖို့ ယနေ့သင်ရတော့မယ်၊ အကြည့်တတ်ဖို့ ယနေ့သင်ရမှာပဲ၊ အကြည့်တတ်ဖို့ ယနေ့

သင်ရတော့မယ်ဆိုရင်ဖြင့်တဲ့၊ ဒီခန္ဓာကြီး ကြည့်လိုက်၊ ကြည့်လိုက်တဲ့ အခါကျတော့၊ အကြည့်ခန္ဓာက ဩော် အဆင်းရုပ်ပါလား၊ အကြည့်ခန္ဓာကအဆင်းရုပ် (မှန်ပါဘုရား)။

ယောက်ျားလည်းမဟုတ်ဘူး၊ မိန်းမလည်းမဟုတ်ဘူး (တင်ပါ) အဆင်းရုပ်၊ ကြည့်လို့ကောင်းနေတာက ဝေဒနာက ကောင်းနေတာ၊ မှတ်နေတာက သညာက မှတ်နေတာ၊ ရုပ်လို့ မှတ်နေတာ (တင်ပါဘုရား)။

ရုပ်ကြည့်လို့ကောင်းနေတာက ဝေဒနာ၊ ရုပ်ရယ်လို့ မှတ်ထားတာက သညာ၊ ရုပ်ချည်းတည့်အောင်ရှုဆိုတာက သင်္ခါရက ဆက်ရှု၊ ရုပ်မှန်းသိနေတာက ဝိညာဏ် ဆိုတော့ ရုပ်တစ်ခုတည်းမှာလည်း ဒီလို ဩော် ဒီခန္ဓာကြီးသည်ကားလို့ ဆိုရင်ဖြင့် ဒီငါးပါးစလုံးနေတာပါလားလို့ နောက်ကနေ ဉာဏ်နဲ့ကြည့်ပေးရမယ် (တင်ပါဘုရား)။

## ဉာဏ်နဲ့ကြည့်ပေးပါ

နောက်ကနေဉာဏ်နဲ့ ကြည့်ပေးလိုက်တော့ ရုပ်သင်္ခါရ လည်း ပေါ်လာ၊ ဝေဒနာသင်္ခါရကော (ပေါ်ပါတယ်ဘုရား) သညာသင်္ခါရ (ပေါ်ပါတယ်ဘုရား) စေတနာသင်္ခါရ (ပေါ်ပါ တယ်ဘုရား) စိတ်သင်္ခါရ (ပေါ်ပါတယ်) ပေါ်လာတာပဲ။

ဩဘာ် ယောက်ျားလည်းမဟုတ်၊ မိန်းမလည်းမဟုတ် ပါလား၊ သင်္ခါရအစုကြီးပါလား ပေါ်လာတယ် (တင်ပါဘုရား)။

ဘာတွေ ပေါ်လာပါလိမ့် (သင်္ခါရ အစုကြီး ပေါ်လာပါတယ် ဘုရား) သင်္ခါရ အစုကြီးပေါ်လာတယ်ဆိုတဲ့ဥစ္စာ ဒါကျတော့ အကြည့်မှန်သွားပြီ။

သတ္တလောကကို ဒီထဲ မဝင်သာတော့ဘူး (တင်ပါဘုရား) သင်္ခါရလောက အစားထိုးတဲ့ ရုပ်ကိုတွေ့ပြီ၊ အစားထိုးတဲ့ ဝေဒနာကို တွေ့ပြီ၊ အစားထိုးတဲ့ သညာ၊ အစားထိုးတဲ့ စေတနာ၊ အစားထိုးတဲ့စိတ်၊ ဒါတွေအကုန် တွေ့တာပဲ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

သတ္တလောကကြီးက ဖုံးနိုင်သေးရဲ့လား (မဖုံးနိုင်ပါဘူး ဘုရား) မဖုံးနိုင်တော့ဘူးတဲ့၊ တစ်ခါတည်း သတ္တလောကကြီး က ဖယ်ရှားပြီး၊ သင်္ခါရ လောကကြီးထဲ ဗွားခနဲ ပေါ်လာတယ်။

ပေါ်လာလို့ရှိရင်ဖြင့် သင်္ခါရလောကကို ကြည့်လိုက်တဲ့ အခါကျတော့ အခုဖြစ် အခုပျက်၊ အခုဖြစ် အခုပျက်ဆိုတာ သင်္ခါရလောကက တရားဟောလာတာ (တင်ပါဘုရား)။

ဘယ်သူက ဟောပါလိမ့် (သင်္ခါရလောကက တရား ဟောလာတာ) အဲ သူမပေါ်လို့ရှိရင် သူမဟောဘူး၊ သူပေါ်မှ သူကဟောမှာ၊ သူက ပေါ်မှ သူကဟောမှ ဉာဏ်က ဘာ့ ကြောင့်တုံးဆိုတော့ သူက ဟောမှ ဉာဏ်ကလည်း ဝိပဿနာ

ဉာဏ်ဖြစ်ရတယ်၊ သူက မပေါ်လို့ရှိရင်လည်း ဝိပဿနာဉာဏ် ဖြစ်ကိုမဖြစ်နိုင်ဘူး (တင်ပါ)။

အဲတော့ ရှေးဦးစွာ သင်္ခါရ လောကကို ပေါ်လွင် အောင် ကြည့်ပြီးတော့မှ သင်္ခါရ လောက၏ သဘောသတ္တိကို အစအဆုံးကြည့်လိုက်တာကိုး၊ ကြည့်လိုက်တဲ့အခါကျတော့ သင်္ခါရဆိုတာ သင်္ခါရာအနိစ္စာ၊ သူဒါလာမှာပဲ (တင်ပါဘုရား)။

ရုပ်သင်္ခါရလည်း အနိစ္စ၊ ဝေဒနာသင်္ခါရလည်း အနိစ္စ၊ သညာသင်္ခါရလည်း အနိစ္စ၊ စေတနာသင်္ခါရလည်း အနိစ္စ၊ စိတ်သင်္ခါရလည်း အနိစ္စလို့ သင်္ခါရလောကပေါ်လာမှ သင်္ခါရလောက က ဟောနေတာ၊ ကျုပ်ဟာ သင်္ခါရမို့ ပျက်ပါတယ်ဆိုတာ သူက ဟောနေတာ (တင်ပါဘုရား)။

ဟောတော့မှ ဒီက ဝိပဿနာဉာဏ်က ပြန်ရပါတယ်၊ သူက မဟောရင် ရကိုမရဘူး၊ ဒါဖြင့် သင်္ခါရလောက မပေါ်တဲ့ ပုဂ္ဂိုလ်များမှာ ဝိပဿနာဉာဏ်ရဖို့ ဘယ်နည်းနဲ့မှ မရှိဘူး (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

သတ္တလောက မဖယ်နိုင်၊ သင်္ခါရလောက မတွေ့လို့ ရှိရင်ဖြင့် သင်္ခါရလောက ဟောတဲ့ တရားကြောင့် ပေါ်ရမယ့် ဝိပဿနာဉာဏ်သည် မရနိုင်ဘူး (တင်ပါ) ရနိုင်ပါ့မလား (မရနိုင်ပါဘူးဘုရား)။

## သင်္ခါရမတွေ့ရင် နိဗ္ဗာန်မရောက်နိုင်

မရနိုင်လို့ရှိရင် ဘယ်လိုပဲ နိဗ္ဗာန်ဆုတောင်းပြီး သကာလ လှူဒါန်းပေးကမ်းပြီးသကာလ လုပ်ငြားသော်လည်း၊ သူမကျော်သေးဘူးဆိုတဲ့ အဓိပ္ပါယ်ပဲ သတ္တလောက မကျော်သေးပါဘူး၊ သူ့မကျော်သရွေ့ ကာလပတ်လုံးလည်း ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်၊ သင်္ခါရအဆုံးရှိတဲ့ နိဗ္ဗာန်၊ သင်္ခါရ မတွေ့တဲ့ပုဂ္ဂိုလ်က သင်္ခါရအဆုံးရှိတဲ့နိဗ္ဗာန်ကို ဘယ်နည်းနဲ့ မောင်ချစ်ဆွေ ရောက်မလဲ (မရပါဘူးဘုရား)။

ဒါဖြင့် အစမှ မတွေ့တဲ့ပုဂ္ဂိုလ်၊ လမ်းစမှ မတွေ့တဲ့ ပုဂ္ဂိုလ် သူလိုချင်တဲ့မြို့ဆိုတဲ့ လမ်းဆုံးကို၊ လမ်းဆုံးမြို့ကို မသွားနိုင်သလို၊ မရောက်နိုင်သလို တစ်ခါတည်း ဒုက္ခရောက်ကုန်တာပဲ။

ဒါဖြင့် ခုတော့ဖြင့် ဒကာဒကာမတွေ ယနေ့သင်ပေးလိုက်ပါတယ်၊ သင်္ခါရလောက ကြည့်ပါဆိုတော့ ခန္ဓာငါးပါးပေါ်လာတိုင်း ကြည့်ပေးပါ။

## ခန္ဓာငါးပါးပေါ်လာတာကြည့်ပါ

ဝေဒနာပေါ် ဝေဒနာကြည့်၊ စိတ်ပေါ်ရင် (စိတ်ကြည့်ပါဘုရား) အဲဒါ သင်္ခါရလောက ပေါ်လာတာပဲ (တင်ပါဘုရား) သို့သော် ကြည့်ရုံလေးကြည့်မနေပါနဲ့၊ သင်္ခါရလောက

ဟာ ဘယ်ကျအောင် စခန်းသွားသတုန်းဆိုတာ အဆုံးလိုက်လိုက်ပါ။

အဆုံးလိုက်လိုက်တဲ့အခါကျတော့ သင်္ခါရာ အနိစ္စာ-အနိစ္စချည်း သွားသွားဆုံးတယ်၊ ဘယ်သွားဆုံးပါလိမ့် (အနိစ္စ သွားဆုံးပါတယ်ဘုရား) ကြည့်လေ သဗ္ဗေသင်္ခါရာ အနိစ္စာလို့ ဘုရားက ဟောထားတယ် (တင်ပါဘုရား) သင်္ခါရက အနိစ္စ လမ်းဆုံးပဲလို့ သူဟောထားတာ (တင်ပါ)။

ဒါဖြင့် သင်္ခါရတွေ့မှ အနိစ္စတွေ့မှာကို (တင်ပါ) သင်္ခါရမတွေ့ရင် (အနိစ္စ မတွေ့ပါဘူးဘုရား)။

ဒါဖြင့် သတ္တလောကက ဖုံးနေတဲ့ပုဂ္ဂိုလ် သင်္ခါရမှ မတွေ့တဲ့ ပုဂ္ဂိုလ် အနိစ္စကို ဘယ်လိုလုပ်ပြီးသကာလ ဉာဏ်ထဲ ရောက်ပါ့မတုံး (မရောက်နိုင်ပါဘူး)။

ဒါဖြင့် အနိစ္စမှ မတွေ့တဲ့ပုဂ္ဂိုလ်ဟာ အနိစ္စက ဒုက္ခသစ္စာလို့ သူမရတော့ဘူး (တင်ပါဘုရား) မြင်နိုင်သေးရဲ့လား (မမြင်နိုင်ပါဘူးဘုရား)။

ထိုကဲ့သို့ မမြင်နိုင်လို့ရှိရင်ဖြင့် သူ့မှာ ဒုက္ခမှ ပိုင်ပိုင်နိုင်နိုင်မသိ၊ ဒုက္ခပရိညာနဲ့ ပိုင်ပိုင်နိုင်နိုင် သိရမယ်ဆိုတာမှ သူမသိ၊ ဘယ်မှာသာလျှင် သူ့မှာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ မဂ္ဂပစ္စယောဆိုတဲ့ ထွက်မြောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ပေါ်ကို မပေါ်လာတော့ဘူး (တင်ပါဘုရား) ပေါ်သေးရဲ့လား (မပေါ်ပါဘူးဘုရား)။

## သင်္ခါရတွေ့မှ မဂ္ဂင်ပေါ်နိုင်တယ်

မပေါ်ဘူးတဲ့၊ ဘာ့ကြောင့်တုံး၊ သင်္ခါရတွေ့အောင်မှ မရှာနိုင်တဲ့ပုဂ္ဂိုလ်သည် မဂ္ဂပစ္စယောမပေါ်နိုင်၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ မဂ္ဂပစ္စယော ပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါဘူးဘုရား)။

ဒါဖြင့် သင်္ခါရကို တွေ့အောင်ရှာဖို့ အရေးဟာ ကိုယ်နိဗ္ဗာန်ရောက်ကြောင်း ရှေးဦးစွာ အရေး ပေါ်ကြပလား (ပေါ်ပါပြီဘုရား) သင်္ခါရတွေ့အောင် ရှာနိုင်တဲ့ အရေးဟာ နိဗ္ဗာန်ရောက်ကြောင်းမှာ ရှေးဦးစွာ လမ်းစတွေ့တဲ့ အရေးပဲ (တင်ပါ့ဘုရား) ၎င်းသင်္ခါရကိုသာ ဆုံးအောင်လိုက် (တင်ပါ)။

ဆုံးအောင်လိုက်လိုက်တဲ့အခါကျတော့ သင်္ခါရဟာ အနိစ္စလမ်းဆုံးတာပဲ၊ သင်္ခါရ အနိစ္စလမ်းဆုံးတာပဲ ဆိုတော့မှ ဥဒယဗ္ဗယဉာဏ်စရတယ် (တင်ပါဘုရား)။ ဖြစ်ပျက် ဒီကျမှ တွေ့တာ (တင်ပါဘုရား)။

သင်္ခါရပေါ်ပြီးမှ သင်္ခါရ အဆုံးကြည့်လိုက်တော့မှ ဖြစ်ပျက်တွေ့တာ၊ ဖြစ်ပျက်တွေ့တော့မှ ၎င်းဖြစ်ပျက်သည် ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်သူတွေ တုံးလို့ မေးစရာ မလိုဘူး ပုဂ္ဂိုလ်လည်းမဟုတ်၊ သတ္တဝါလည်းမဟုတ်ဘူး၊ သင်္ခါရတွေမို့ ပျက်နေတာပဲဆိုတာ ဆိုတော့ အမေလည်းမဟုတ်၊ အဖေလည်း မဟုတ်ဘူး၊ ငါလည်းမဟုတ်ဘူး၊ သူလည်းမဟုတ်ဘူး၊

သင်္ခါရတွေ အနိစ္စရောက်နေတာ၊ သင်္ခါရတွေ ဒုက္ခဖြစ်နေတာ သင်္ခါရတွေ အနတ္တဖြစ်နေတာ၊ သင်္ခါရတွေ ဒုက္ခသစ္စာဖြစ်နေတာဆိုတာ ရှင်းရှင်းလင်းလင်း ပေါ်လာတာပဲ (တင်ပါဘုရား)။

သဘောပါကြပလား (သဘောပါပါပြီဘုရား) ဒါဖြင့် ဒီနေ့ည တရားမှာတဲ့ သတ္တလောကဖယ်မှ သင်္ခါရလောက တွေ့မယ် (တင်ပါဘုရား)။

သင်္ခါရလောက အဆုံးနဲ့ဉာဏ်နဲ့တွဲပေးရမယ် (မှန်ပါဘုရား) ဉာဏ်နဲ့တွဲပေးလိုက်တဲ့အခါကျတော့ သင်္ခါရနဲ့ သင်္ခါရအဆုံးနဲ့ ဉာဏ်နဲ့တွဲလိုက်တဲ့အခါ ဝိပဿနာဖြစ်တယ် (တင်ပါဘုရား)။

ၚင်းသင်္ခါရကို အစအဆုံးဘယ်တော့မှ မပေါ်အောင် ဆုံးသွားလိုက်လို့ရှိရင်ဖြင့် မဂ်ဉာဏ်ဖြစ်မယ်ဆိုတာ သေချာတယ် (တင်ပါဘုရား)။

## နိဗ္ဗာန်ရောက်ချင်ရင်သင်္ခါရလောကတွေ့အောင်ရှာ

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ရင် သတ္တလောကဖယ်ပြီး သင်္ခါရ လောကတွေ့အောင်ရှာပါ (တင်ပါဘုရား) သင်္ခါရလောက၏ အစအဆုံးကိုလည်း ကြည့်ပေးပါ ဒါမှ ဥဒယဗ္ဗယဉာဏ်ရမယ် (တင်ပါ)။

အဲဒီ ဥဒယဗ္ဗယတို့၏ အဆုံးကျအောင် လိုက်နိုင်လို့

ရှိရင်လည်း၊ ဥဒယလည်း မရှိတော့ဘူး၊ ဝယလည်း မရှိတော့ဘူး ဆိုလို့ရှိရင်ဖြင့်၊ ဒုက္ခသစ္စာနှစ်ခုစလုံး မရှိတာပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာမရှိတာတုံး (ဒုက္ခသစ္စာနှစ်ခုစလုံး မရှိတာပါဘုရား) ဒုက္ခသစ္စာနှစ်ခုစလုံး မရှိတော့ကို ဒုက္ခချုပ်ငြိမ်းတယ် ဒုက္ခဿ အန္တံကရိဿတိ။

ဒုက္ခဿ = ဒုက္ခ၏၊ အန္တံ -အဆုံးကို၊ ကရိဿတိ- သူမျက်မှောက်ပြုနေပြီကွ၊ နိဗ္ဗာန်မြင်နေပြီ ပြောတာပဲ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တရား မများပါဘူး၊ အလုပ်သင်တဲ့တရား ထပ်ပြီး ပြောပါ့မယ်၊ နိဗ္ဗာန်ရောက်ချင်လို့ရှိရင် သတ္တလောက ကိုဖယ်၊ သင်္ခါရလောကတွေ့အောင် ရှာ (တင်ပါ)။

သင်္ခါရ ဘယ်လမ်းဆုံးတုံး ကြည့်ပေး၊ ကြည့်ရင် ဥဒယဗ္ဗယဉာဏ် စရမယ် ဝိပဿနာဉာဏ်၊ အဲဒီဥဒယဗ္ဗယ ဉာဏ်ကို ဆုံးအောင်လိုက်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် ဥဒယ ဖြစ်တဲ့ဒုက္ခ၊ ဝယဖြစ်တဲ့ ဒုက္ခတွေ မတွေ့တော့ပါဘူး၊ ဥဒယဗ္ဗယတွေ သိမ်းသွားပါပြီ၊ ဒုက္ခတွေ နှစ်ခုစလုံး သိမ်းသွားပြီ ဆိုလို့ရှိရင်ဖြင့် ဒုက္ခအဆုံးတွေ့တာပဲ (တင်ပါဘုရား)။

## ဒုက္ခအဆုံးသည်နိဗ္ဗာန်

ဒုက္ခအဆုံးတွေ့လို့ရှိရင်ဖြင့် နိဗ္ဗာန်လို့မှတ်လိုက်ပါ။ ရှင်းပလား (ရှင်းပါပြီဘုရား) ဒါဖြင့် နိဗ္ဗာန်ဆိုလို့ရှိရင်ဖြင့် လိုက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဉာဏ်နဲ့ လိုက်တာဖြစ်လေသောကြောင့် **နိဗ္ဗာနံ မဂ္ဂဿ၊ နိဗ္ဗာနံ ဖလဿ၊ နိဗ္ဗာနံ ပစ္စဝေက္ခဏဿ၊ အာရမ္မဏပစ္စယေန ပစ္စယော** လို့ ဘုရားဟောတော်မူတဲ့ဥစ္စာ သူမဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီလို့ ပြောတာပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## သောတာပန်တည်တယ်

အဲဒီကျတော့မှ အပါယ်လေးပါး တံခါးပိတ်တယ်၊ သောတာပန်စတည်တယ် ဆိုတဲ့ အဓိပ္ပါယ်ဟာ ကိစ္စပြီးပါတယ် လို့ ယနေ့ညမှတ်ပါ (တင်ပါဘုရား)။

ကဲတော်လောက်ပြီ

သာဓု . . . သာဓု . . . သာဓု။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ကိုယ့်ခန္ဓာ၊ ကိုယ့်ဉာဏ်နဲ့ကြည့်ပေးပါ (၂)

(ရှင်ပုဏ္ဏ)
(၂၂-၂-၆၂)

မနေ့က တရားအဆက်က ပညတ်ဖယ်ပြီးသကာလ ပရမတ်တွေ့အောင်ရှာ၊ ရှာပြီးတော့မှ ပရမတ်နဲ့ ဉာဏ်နဲ့တွဲ၊ ဉာဏ်နဲ့တွဲရင် ဝိပဿနာဖြစ်တယ်။

၎င်းသည် သင်္ခါရပရမတ်ဆုံးသွားလို့ရှိရင်ဖြင့် အသင်္ခတ ပရမတ်ပေါ်လာလိမ့်မယ်၊ အသင်္ခတ ပရမတ်ပေါ်လာရင် နိဗ္ဗာန်ရောက်ပြီလို့ အောက်မေ့ (မှန်ပ့ါ)။

## ပရမတ်နှစ်မျိုး

ဩော် ဒါဖြင့် ယနေ့ပြောရမည့်စကားက ပရမတ်ကိုပင် နှစ်မျိုးရှိတယ်လို့မှတ်ရမယ်၊ သင်္ခတပရမတ်တစ်မျိုး၊ အသင်္ခတ ပရမတ်တစ်မျိုး. . . (တင်ပါဘုရား)။

သင်္ခတပရမတ်ဆိုတာက ရုပ်နာမ်ဖြစ်ပျက်ကို သင်္ခတပရမတ်လို့ဆိုသည်။ ရုပ်နာမ်မရှိဘဲနဲ့ ဖြစ်ပျက်ချုပ်ငြိမ်း ရုပ်သိမ်းတဲ့နိဗ္ဗာန်ကိုတော့ အသင်္ခတပရမတ်လို့ခေါ်သည်။

## နိဗ္ဗာန်၏အဝင်ဝရောက်ပြီ

အဲတော့ သင်္ခတပရမတ်ကို ရှေးဦးစွာတွေ့အောင်ရှာနိုင်တဲ့ပုဂ္ဂိုလ်သည် နိဗ္ဗာန်၏အဝင်ဝရောက်ပြီလို့ မှတ်ထားရမယ်။

သင်္ခတပရမတ်ကို တွေ့အောင်ရှာနိုင်တဲ့ပုဂ္ဂိုလ်၊ ပညတ်ဖယ်ပြီး သင်္ခတပရမတ်ကိုတွေ့တဲ့ပုဂ္ဂိုလ်များ နိဗ္ဗာန်အဝင်ဝရောက်ပြီလို့ မှတ်ရမယ်. . . (တင်ပါဘုရား)။

## သင်္ခတပရမတ်အဆုံးမှာ နိဗ္ဗာန်

အဲဒီနိဗ္ဗာန်အဝင်ဝရောက်လို့ရှိရင်ဖြင့် မပူနဲ့တော့တဲ့၊ ဒီသင်္ခတပရမတ်အဆုံးမှာ အသင်္ခတပရမတ်ရှိတယ်၊ အသင်္ခတပရမတ်ဆိုတာ ဘယ်သူမှမပြုပြင်ဘဲနဲ့ အမှန်ရှိတဲ့ နိဗ္ဗာန်လို့မှတ်လိုက်ပါ။

ဒါဖြင့် ပညတ်ဖယ်တော့ သင်္ခတပရမတ်တွေ့တယ်. . . (တင်ပါ့ဘုရား)၊ သင်္ခတပရမတ်နဲ့ ဉာဏ်နဲ့တွဲလိုက်၊ ဉာဏ်နဲ့တွဲလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ယထာဘူတဉာဏ်ရသွားတယ်။ ဒါ ဥဒယဗ္ဗယဉာဏ်ရသွားတာပဲ။

နောက် သင်္ခတပရမတ်ကို အဆုံးလိုက်ပါလို့ မောင်ချစ်ဆွေကို မှာထားတယ်. . . (တင်ပါဘုရား)၊ သင်္ခတ ပရမတ် အဆုံးလိုက်လိုက်တဲ့အခါကျလို့ရှိရင်၊ သင်္ခတ ပရမတ်ဆုံးမှ အသင်္ခတပရမတ်နဲ့ ဉာဏ်နဲ့သွားတွေ့ပြန်တယ်။

ဒါ ဒီနေ့စလိုက်တဲ့တရားက မနေ့ကအဆက်တော့ အဆက်ပဲ။ အဆက်ပေမယ့် ကူးပုံသန်းပုံ နာမည်ပေးပုံတစ်မျိုး လို့ မှတ်ရမယ်. . . (တင်ပါဘုရား)။

## သင်္ခါရ ပရမတ်

ပညတ်ဖယ်တော့ ပရမတ်တွေ့မယ်၊ သတ္တဝါပညတ် ကို ဖယ်တဲ့အခါကျတော့ သင်္ခါရပရမတ်ကို သွားတွေ့မယ်. . . (တွေ့ပါတယ်ဘုရား)၊ သင်္ခါရ ပရမတ်နဲ့ ဉာဏ်နဲ့တွဲပြီး ဒကာ ဒကာမတွေ ကြိုးစားနေရမယ်၊ ပွားများရမယ်။

ပွားများပါများတဲ့အခါကျလို့ရှိရင်ဖြင့်၊ သင်္ခါရ ပရမတ် တွေဟာ ဒကာ ဒကာမတွေဉာဏ်ထဲမှာ ဉာဏ်စဉ်အတိုင်း အပြစ် မြင်လာလိမ့်မယ်။

## အသင်္ခါရ ပရမတ်

နောက်ကျတော့ သင်္ခါရ ပရမတ်တွေကို ဒုက္ခသစ္စာလို့ မြင်တဲ့အခါ၊ သင်္ခါရ ပရမတ်ချုပ်ငြိမ်း ရုပ်သိမ်းသွားမယ်၊ အဲဒီ

သင်္ခါရ ပရမတ်ချုပ်ငြိမ်း ရုပ်သိမ်းသွားတဲ့အခါကျတော့ အသင်္ခတ ပရမတ်နဲ့ ဉာဏ်နဲ့ပဲ တွဲဦးမှာပဲ။

ဒါဖြင့် သင်္ခတပရမတ်နဲ့တွဲတဲ့ဉာဏ်ကို ဝိပဿနာဉာဏ် မှတ်လိုက်စမ်းပါ. . (တင်ပါဘုရား)၊ အသင်္ခတပရမတ်နဲ့ တွဲတဲ့ ဉာဏ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်လို့ မှတ်လိုက်စမ်းပါ. . . (တင်ပါ ဘုရား)၊ အင်း ဒါလည်းအလုပ်စဉ်တစ်မျိုးပဲ၊ နာမည်ပြောင်းပြီး ပေးပြန်တာပဲလို့ဆိုတာမှတ်ပါ. . (တင်ပါဘုရား)။

ပညတ်ဖယ်တော့ ပရမတ်ကိုတွေ့မယ်. . . (တင်ပါ ဘုရား)၊ သတ္တဝါပညတ်ဖယ်လိုက်ရင်. . . (ပရမတ်ကိုတွေ့ပါ တယ်ဘုရား)၊ အဲဒီ ပရမတ်နဲ့ ဉာဏ်နဲ့တွဲလိုက်တော့ ပရမတ်ဟာ သင်္ခါရ ပရမတ်၊ သင်္ခါရဖြစ်တဲ့ ဖြစ်မှု ပျက်မှုရှိသောကြောင့် သင်္ခါရ ပရမတ်လို့မှတ်လိုက်တာပေါ့။

ဒါ ပညတ်ဖယ်လိုက်လို့ သင်္ခါရပရမတ်နဲ့သွားတွေ့တာ၊ တစ်ခါ သင်္ခါရ ပရမတ်ကို ဉာဏ်နဲ့ပဲတွဲပြီး ပွားများနေလိုက်ပါ၊ ပွားများနေတဲ့အခါကျတော့ သင်္ခါရ ပရမတ်ကပဲ အမျိုးမျိုးအဖုံဖုံ သူ့ အာရုံအဖြစ်နဲ့ ဉာဏ်ကို ကျေးဇူးပြုပါလိမ့်မယ်။

## ဉာဏ်စဉ်ဆိုတာ

အဲဒီ့ ကျေးဇူးပြုတဲ့ဉာဏ်ကိုတော့ ဉာဏ်စဉ်လို့ခေါ်သည်။ ကိုယ်က စဉ်လို့မရဘူး၊ အာရုံကစဉ်မှရတယ်လို့ မှတ်ရမယ်။

အဲဒီသင်္ခါရ ပရမတ်တွေ အာရုံကတစ်ခါတည်း သူ ဒုက္ခသစ္စာကျအောင် စဉ်တက်သွားမှာပဲ၊ အပြစ်မြင်မယ် လာမှာပဲ၊ အပျက်တွေမြင်မယ်၊ သင်္ခါရ ပရမတ်က ပြနေတယ်လို့ မှတ်လိုက်တာပေါ့. . . (တင်ပါဘုရား)

ဖြစ်ပျက် မုန်းတယ်၊ အို သင်္ခါရ ပရမတ်က အမုန်းခိုင်းလို့ မုန်းရတာ၊ ထွက်ချင်လည်း ပြော် သင်္ခါရ ပရမတ်က အထွက်ခိုင်းတာပဲ၊ အဲဒီကဲ့သို့ သင်္ခါရ ပရမတ်တွေကို သူပြတဲ့အတိုင်း ဉာဏ်ကလိုက်နေရုံပဲ။

## အမတဒွါရ

ဉာဏ်က လိုက်နေတဲ့အခါကျတော့၊ အင်း နိဗ္ဗာန်အဝင်ဝရောက်ပြီပေါ့ဆိုတော့၊ ဒါ အမတဒွါရလို့လည်းခေါ်တယ်၊ အမတကနိဗ္ဗာန်၊ ဒွါရက တံခါး၊ နိဗ္ဗာန်တံခါးဝ ရောက်ပြီလို့ တရားနာတဲ့ပုဂ္ဂိုလ်က မှတ်ရမယ်. . (တင်ပါဘုရား)။

နောက်ကျတော့ သင်္ခါရ ပရမတ်တွေသည် ဆုံးသွားတယ် လိုက်စရာမရှိတော့ဘူး၊ ဆုံးချင်လို့ ဆုံးတာမဟုတ်ပါဘူး။ သင်္ခါရ ပရမတ်နယ်ကုန်လို့သာ မှတ်လိုက်တာပေါ့။

## အသင်္ခတ အစားထိုးတယ်

ဉာဏ်ကလည်းထက်လာတော့ သင်္ခါရ ပရမတ်နယ်က ကုန်သွားတဲ့အခါကျတော့ ဖျတ်ဆို အစားထိုးလာတယ်၊ ဘာ အစားထိုးတုံးဆိုတော့ အသင်္ခတပရမတ်အစားထိုးတယ်။

ဉာဏ်အစဉ်လိုက်သွားတဲ့အခါကျတော့၊ အသင်္ခတ ပရမတ်အစားထိုးတဲ့အခါကျတော့မှ၊ ဩော် ဒီဉာဏ်နဲ့ တွေ့ရတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် **ပစ္စဝေက္ခဏာဉာဏ်**လို့ မှတ်လိုက်ပါ . . . (တင်ပါဘုရား)။

ဒါဖြင့် ဩော် သိပ်မများပါဘူး။ အလုပ်စဉ်မှာဖြင့် ပထမ ရှေးဦးစွာ သတ္တဝါပညတ်ဖယ်ပြီးသကာလ၊ သင်္ခါရ ပရမတ်တွေ့ အောင်ရှာဖို့ပါပဲ၊ သင်္ခါရပရမတ်ရှေ့ကျလို့ရှိရင် သင်္ခါရပရမတ်နဲ့ ဉာဏ်နဲ့အမြဲတွဲနေဖို့ပါပဲ။

## ပရမတ်နှစ်ခါတွေ့ရတယ်

အမြဲတွဲပြီးသကာလ နေလို့ရှိရင်၊ သင်္ခါရပရမတ်ဟာ ဉာဏ်ရင့်တဲ့အခါ ဆုံးသွားတာပဲ၊ အသင်္ခတပရမတ်ဆိုတဲ့ နိဗ္ဗာန် ပရမတ်တွေချည်းတွေ့တယ်၊ ဒါဖြင့် ပရမတ်နှစ်ခါတွေ့ရတယ်ဆို တဲ့အဓိပ္ပါယ် ယနေ့ည ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

သင်္ခါရ ပရမတ်ကို (၁)နံပါတ်တွေ့ရမယ်၊ နောက်မှ အသင်္ခတပရမတ်ကို (၂)နံပါတ်တွေ့လိုက်. . . (တင်ပါ)။

## သောတာပန်တည်တယ်

ဤကဲ့သို့ တွေ့လို့ရှိရင်ဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာအကုန်ပြုတ်၊ အပါယ်လေးပါးရောက်စေတတ်တဲ့ ကံတွေအကုန် ကုန်တယ်။ ဆစ္စာဘိဌာနာနီ အဘဗ္ဗဌာနတုံဆိုတဲ့ ခြောက်ဌာနတွေလည်း မဖြစ်တော့ဘူးဆိုပြီး သောတာပန်အစစ်ဖြစ်သွားတာပဲ၊အသခ်ိတ ပရမတ်တွေ့တဲ့အချိန်က စပြီး သောတာပန်အစစ်ဖြစ်ပါတယ်။

အဲတော့ကို ဒီခန္ဓာကြည့်တတ်ဖို့ အရေးကြီးတယ်ဆိုတာ ဒါကိုပြန်ပြီးပြောရတော့မှာပဲ၊ ခန္ဓာကိုယ်ကြည့်လိုက်တဲ့အခါကျ လို့ရှိရင်ဖြင့်၊ ဥပမာမယ် မန္တာနီ ပုဏ္ဏေးမ၏သား ပုဏ္ဏ၊ သူဟာ အလွန်တရားဟောကောင်းတယ်။

## ရှင်ပုဏ္ဏဟောလို့

ရှင်အာနန္ဒာဟာ အ စ်မမှတ်ထားရမယ်၊ သူနဲ့ သောတာ ပန်တည်တယ်၊ ဘုရားနဲ့တည်တာမဟုတ်ဘူး၊ မောင်ချစ်ဆွေ ဘုရားနဲ့တည်တာမဟုတ်ဘူးကွ(တင်ပါဘုရား)၊ ရှင်အာနန္ဒာ သောတာပန်တည်တာလေ. . . (တင်ပါဘုရား)၊ ပုဏ္ဏနဲ့ တည် ရရှာတာ။

မန္တာနီပုဏ္ဏေးမ၏ သား ပုဏ္ဏ၊ အဲဒီမှာ ရှင်အာနန္ဒာက သူ သောတာပန်တည်ပြီးတဲ့အခါကျတော့၊ ရဟန်းတွေစည်းဝေး ပြီးသကာလ ဟေး ရဟန်းတွေလာကြ လာကြ၊ပုဏ္ဏော နာမ

အာဝုသော အာယသ္မာ မန္တာဏိ ပုတ္တော အမှာကံ နဝကာနံ သတံ ဗဟူပကာရော ဟောတိ။

## ရဟန်းတစ်ရာ သောတာပန်တည်

တို့ကွာ မန္တာနီပုဏ္ဏေးမ၏သား၊ တစ်ရာတိုင်တိုင် သောတာပန်တည်အောင် တစ်ခါတည်း ဟောနိုင်တယ်ကွ၊ အလွန် ကျေးဇူးများတယ်ဟေ့၊ ရှင်အာနန္ဒာဝမ်းသာလွန်းလို့ သူက သိပြီးသား. . . (တင်ပါဘုရား)။

သူနဲ့ နောက်ထပ် သူနဲ့တစ်ခါတည်း တရားတစ်ပုဒ်ထဲမှာ ရှုပုံမှတ်ပုံတွေ ပြောပြီး တည်လိုက်တာက တစ်ရာ. . . (တင်ပါ)၊ "အမှာကံ နဝကာနံ သတံ ဗဟူပကာရော ဟောတိ"၊ အမှာကံ = ငါနှင့်တကွ၊ သတံရဟန်းတစ်ရာကို၊ ဗဟူ ပကာရော = သောတာပန်တည်အောင် ကျေးဇူးများသည် ဟောတိ = ဖြစ်၏။

ဩော် သူနဲ့တကွ တစ်ရာဟာ ဒီတရားနဲ့ပဲ တည်သွားတာပဲ၊ ဘယ်လိုများ တည်သတုံးလို့ မင်းတို့က မေးလို့ရှိရင်ဖြင့် သော အမေ့ ဣမိနာ ဩဝါဒေန ဩဝဒတိ၊ ထိုပုဏ္ဏေးမ၏ သားကွငါတို့ကို ဟောဒီလိုဆုံးတယ်ကွ၊ ဟောဒီလို တရား ဟောတယ်ကွဆိုပြီး သကာလမှ ဟောပုံလေး သူပြောတာပဲ။

ပုဏ္ဏေးမ၏သား ပုဏ္ဏ ကကွာ၊ဥပါဒါယ အသ္မိတိဟောတိ နော အနုပါဒါယလို့ ဟောလိုက်တယ်ကွ၊ ဥပါဒါယ=အမှီပြု၍၊

အစွဲပြု၍၊ **အသို** = တဏှာမာန ဒိဋ္ဌိသည်၊ **ဟောတိ**= ဖြစ်၏။ **နော အနုပါဒိယ** = မစွဲလမ်းလို့ရှိရင် တဏှာမာန ဒိဋ္ဌိပြုတ်တဲ့ သောတာပန်အဖြစ် ရောက်တယ်ကွ။

## အစွဲရှိတဲ့ပုဂ္ဂိုလ်၊ တဏှာမာန ဒိဋ္ဌိဖြစ်တယ်

စွဲလမ်းလို့ရှိရင် တဏှာမာန ဒိဋ္ဌိဖြစ်တယ်၊ စွဲလမ်းရင် (တဏှာမာန ဒိဋ္ဌိဖြစ်တယ်) မစွဲလမ်းရင် (တဏှာမာန ဒိဋ္ဌိ ပြုတ်တယ်)။

ဩော် တဏှာ မာန ဒိဋ္ဌိဟာ ဒါဖြင့် ဒကာဒကာမတွေ မှတ်ဖို့ရာက ဩော် အစွဲရှိတဲ့ပုဂ္ဂိုလ်မှ တဏှာမာန ဒိဋ္ဌိဖြစ်နေ တာပဲ၊ ဒါမမြင်ရမနေနိုင်၊ ဒါမပြန်လာသရွေ့ စိတ်မအေးဆိုတဲ့ အသွားတွေကလည်း ရှုပ်လို့ပေါ့ကွာ (မှန်ပါဘုရား)။

အဲဒါတွေက ရှုပ်ပြီးသကာလနေတော့ **အသို**=ဆိုတဲ့ တဏှာ ခင်မှုလည်း လာတာပဲ၊ မာနတဲ့၊ အင်း . . . တစ်ကောင် ကြွက်မဟုတ်ဘူးဆိုတဲ့ မာနတွေ၊ မုဆိုးမ မဟုတ်ဘူးဆိုတဲ့ မာနတွေလာတာပဲ၊ ငါ့အားကိုးရှိတယ်ဆိုတဲ့ ဒိဋ္ဌိက လာတယ်။

သူက ဘယ်လိုပဲ မရောင်းမဝယ်ပဲ နေငြားသော်လည်း အိမ်ဦးထိုင်နေ အားရှိသေးတယ်ဆိုတဲ့ အားကိုးလုံး ဒိဋ္ဌိကလည်း လာသေးတာပဲ၊ ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

## တရားဆိုတာလေနဲ့တူတယ်

ခင်ဗျားတို့က ကိုယ့်ဖြစ်စဉ်မှီ ကိုယ်ကျလို့ ကိုယ်ပြုံး တာကို၊ တရားဆိုတာက လေနဲ့တူတယ်လို့ ပြောထားတယ် လေဟာ အပေါက်ရှိတဲ့ဆီ ဝင်တယ်၊ အပေါက်ရှိတဲ့ဆီက ပြန်ထွက် သွားတာပဲ (တင်ပါဘုရား)။

ဒီမှာလည်း ကိုယ့်မှာ ဒီတရားရှိမှသာလျှင် ငါ့ ဟောတယ် ဆိုတဲ့အဓိပ္ပာယ်မျိုးဟာ ကိုယ်ဆုံးဖြတ်ချက်ချတာ ကို (တင်ပါ)။

ကိုယ့် ဒီထဲပယ်ပြီးသားပုဂ္ဂိုလ်က ဩော် ပုထုဇဉ်တွေ တော့ ဒီလိုနေကြမှာပဲ သူများလွှဲချပစ်လိုက်တယ် (တင်ပါ ဘုရား) ပြီးတော့ တပည့်တော်ဟောတာပဲ ဖြစ်နေတာ။

အဲဒီလိုဖြစ်ပြီးသကာလ နေတော့၊ တရားဟာ လေနဲ့ တူတယ်ဆိုတဲ့ အဓိပ္ပါယ်လည်း မှတ်ထားဖို့ပဲကွ (မှန်ပါ) အပေါက်ရှိရာ လေဟာ (ထွက်ပါတယ်ဘုရား) အပေါက် မရှိလို့ရှိရင် (မဝင်ပါဘုရား)။

ထို့အတူပဲတဲ့ တရားဟောတယ်ဆိုတဲ့ဥစ္စာဟာလည်း ကိုယ့်အပေါ်ကျတယ်၊ သူ့အပေါ်ကျတယ်ဆိုတဲ့ဥစ္စာဟာ၊ တရားတည်းဟူသောလေသည်၊ ကျစရာရှိတဲ့နေရာ ဝင်စရာ ရှိတဲ့နေရာ ကျရောက်ဝင်သွားတာပဲဆိုတဲ့အဓိပ္ပါယ်လည်း ရှင်းသွားတယ် (တင်ပါဘုရား)။

ကဲ ဒါဖြင့် ဘယ်လိုများ သူ ဟောလိုက်ပါလိမ့်မလဲလို့

မေးတဲ့အခါကျတော့ **သော အမေ့ ဣမိနာ ဩဝါဒေန ဩဝဒတိ၊**
**သော** = ပုဏ္ဏကဆိုတဲ့ ရဟန္တာသည်၊ **အမေ့** = ငါတို့ကို၊ **ဣမိနာ ဩဝါဒေန** = ယခုဤပေးလတ္တံ့သော ဩဝါဒဖြင့်၊ **ဩဝဒတိ** = ဒို့ဆုံးမတယ်ကွ။

## မစွဲလမ်းလို့ရှိရင် တဏှာ မာန ဒိဋ္ဌိမဖြစ်ဘူး

ဘယ်လိုဆုံးမတုံး၊ **ဥပဒါယ အသ္မိတိ ဟောတိ နော အနုပါဒါယ ရူပံ အနုပါဒါယ။ အနုပါဒါယ** = စွဲနေလို့ရှိရင်၊ **အသ္မိ** = တဏှာ မာန ဒိဋ္ဌိ၊ **ဟောတိ** =ဖြစ်၏။ **နောအနုပါဒါယ** = မစွဲသည်ရှိသော်တဲ့၊ **နောဥပ္ပဇ္ဇတိ**=မဖြစ်ပါဘူး။

ဩော် တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ မိမိခန္ဓာ၊ မိမိစွဲလို့ သုံးမျိုးလာတာပဲ၊ သားသမီး၊ ပစ္စည်းခန္ဓာ၊ ခင်ပွန်းခန္ဓာတွေ၊ စွဲလမ်းနေလို့ရှိရင်လည်း လာတာပဲ၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် တဏှာမာန ဒိဋ္ဌိသည် မိမိခန္ဓာကြောင့်လည်း လာတယ် (လာပါတယ်ဘုရား)၊ တစ်ပါးသော သားသမီး၊ ခင်ပွန်းခန္ဓာတွေကြောင့်ကော (လာပါတယ်ဘုရား)။

အင်္ဂုတ္တိုရ်မှာ ဟောတယ် ခန္ဓာကြောင့် ဒိဋ္ဌိလာတာကွလို့။

မိမိခန္ဓာကြောင့်လည်း လာတာပဲတဲ့၊ ငါ့ဘာမှတ်လို့တုံး

ဆိုတော့ မိမိခန္ဓာ (တင်ပါဘုရား) သူတစ်ပါးခန္ဓာကို လက်ညှိုး ထိုးပြီး ဒါ ငါ့ဥစ္စာကြည့်လို့ ပြောလိုက်တာပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဒိဋ္ဌိဘယ်ကလာသတုံး

ဒါဖြင့် ဒိဋ္ဌိဘယ်ကလာ (ခန္ဓာက လာပါတယ်ဘုရား) ကောင်းပြီ ဒါကြောင့် ရှင်ပုဏ္ဏ က သူဟောတာက **"အသ္မိ ဟောတိနော** အနုပါဒါယ၊အနုပါဒါယ= တစ်ပါးပါးသော ခန္ဓာ၊ ကြိုက်ရာခန္ဓာ စွဲနေသည်ဖြစ်၏။ **အသ္မိ**=တဏှာမာန ဒိဋ္ဌိသည် **ဟောတိ**=ဖြစ်၏။

နော အနုပါဒါယ = မစွဲလမ်းသော ပုဂ္ဂိုလ်ဟာ နောဥပ္ပဇ္ဇတိ = ဖြစ်ကိုမဖြစ်ပါဘူး၊ ဩော်-တဏှာမာန ဒိဋ္ဌိဆို တာ အကြောင်းအရင်းရှာတော့ မိမိခန္ဓာ၊ သူတစ်ပါးခန္ဓာကို အစွဲပြုပြီး ပေါ်လာတာပဲ (တင်ပါဘုရား)။

.တဏှာမာန ဒိဋ္ဌိက ဘယ်ကလာတုံး (မိမိခန္ဓာ၊ သူတစ်ပါးခန္ဓာ အစွဲရှိသည်က ပေါ်လာတာပါဘုရား) အဲဒီ အစွဲရှိနေလို့ လာတာ မစွဲလို့ရှိရင် (မလာပါဘူးဘုရား)။

ကျုပ်စိတ်ပျက်တာပဲ၊ အိမ်ပြန်လာပြီး ကုလားထိုင်ကြီး ပေါ် မှိုင်လို့ အမောဆိုက်လို့ ဖြစ်မှုဖြစ်ရလေဆိုတဲ့ ဥစ္စာတွေ သည်ကားလို့ရှိရင်၊ သူဘာဖြစ်လို့ ဒီအသံတွေ ထွက်နေပါလိမ့်

လဲလို့ မေးလုံးထုတ်လို့ရှိရင်၊ **ဥပါဒါယ အသ္မိတိ ဟောတိ** ဒါပဲ၊ ဥပါဒါယ-စွဲလမ်းသောကြောင့်၊ **အသ္မိတိ**=ငါခက်တာပဲဆိုတဲ့ ဒိဋ္ဌိသည်၊ **ဟောတိ**-ဖြစ်၏ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းသွားပြီကွ (ရှင်းပါပြီဘုရား) ရှင်းသွားပြီတဲ့။

## ရုပ်ကြောင့်ငါဖြစ်လာတာ

ကိုင်း ဒါဖြင့် ဘယ်ဟာအစွဲပြုပြီး ဖြစ်တာတုံးဆိုတော့ **ရူပံ ဥပါဒါယ အသ္မိတိ ဟောတိ**၊ သူ့ရုပ်ကြည့်ရတာ မဟုတ်ပါဘူး ငါ့စိတ်ပျက်လိုက်တာ၊ သူ့ရုပ်ကြည့်ရတာ ငါစိတ်ပျက်တယ် သူ့ရုပ်ကြောင့် ငါဖြစ်လာတာ ရှင်းပလား (ရှင်းပါပြီဘုရား)။

သူ့ရုပ်ကြောင့် (ငါဖြစ်လာတာပါဘုရား) ငါဖြစ်လာတာ၊ ဒါဖြင့် သူ့ **ရူပံဥပါဒါယ**၊ **ရူပံ**-ဖြစ်တဲ့ ရုပ်ကို၊ **ဥပါဒါယ** = အကြောင်းပြု၍၊ **အသ္မိတိ**=ငါခက်တာပဲဟူသော စကားသည်၊ **ဟောတိ**-ဖြစ်၏တဲ့၊ လာပြီကွ (လာပါတယ်ဘုရား) လာပြီ လာပြီ မင်းကလည်း ဒီအတိုင်းပြန်ရမှာပဲ။ (တင်ပါဘုရား) ဒီအတိုင်း ပြန်ရမှာပဲ။

## ကိုယ့်မိုက်ပြစ်၊ ကိုယ်မသိဘူး

ဒါက ဆရာသမားအရင်းမို့ ပြောနေတယ်ဆိုတာမှတ်ရမယ် (တင်ပါဘုရား) သို့မဟုတ်ရင် ဒီဥစ္စာ ဩော် ကိုယ့်မိုက်ပြစ်

ကိုယ်သိမှ မသိပဲ မသိနိုင်ဘူးတဲ့၊ ကံမကောင်းဘူးသာဖြစ်ရတယ် (တင်ပ့ါဘုရား) ကျုပ်တို့အိမ် ဂြိုဟ်ဝင်တာပဲ၊ ဆရာတော်ကလည်း နေမကောင်း၊ ကိုယ့်ခင်ပွန်းသည်ကလည်း အားနည်းနည်း ချို့နေတယ် (တင်ပ့ါဘုရား)။

ဂြိုဟ်ဝင်ထင်ပါရဲ့၊ ဘာမှ ဂြိုဟ်မဝင်ဘူး၊ သူ့စိတ်ကြည့် မချမ်းသာတဲ့ဘက်ကများနေတယ် (တင်ပ့ါဘုရား) ဂြိုဟ်မဟုတ်ဘူး၊ **ဥပါဒါယ အသို့တိ ဟောတိကွ** (တင်ပ့ါဘုရား)၊ ဂြိုဟ်ဝင်တာမဟုတ်ဘူး၊ ရှင်ပလား (ရှင်းပါပြီဘုရား)။

**ဥပါဒါယ** = စွဲလမ်းမှုကြောင့် (ဝါ) စွဲလမ်းသောကြောင့် **အသို့တိ**=ငါခက်တာပဲဟူသော စကားသည် **ဟောတိ**=ဖြစ်၏ ရှင်းပလား (ရှင်းပါပြီဘုရား)။

အင်း ဒါက တဏှာဖြစ်တာပဲ (တင်ပ့ါဘုရား) ဒါလည်း ဥပါဒါယပဲ (တင်ပါဘုရား) သူက ပြုံးနေတာ သားတွေ၊ သမီးတွေ ခင်ပွန်းသည်တွေက ပြုံးနေကြတာ၊ လာပြီလားဟေ့၊ ရောက်ပြီလားဟေ့လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ မေးလိုက်ပြီဆိုမှဖြင့် အမောပြေသွားတယ်၊အမောပြေသွားတော့ ဝမ်းသာသွားတာပဲ(တင်ပ့ါဘုရား)။

## ပြုံးဆိုပြုံး၊ မဲ့ဆိုရင်မဲ့ရတယ်

အဲဒါ တဏှာ မေးတာဖြစ်သွားတာတဲ့ (တင်ပါဘုရား) ဒါလည်း စွဲလမ်းလို့ဖြစ်တာ၊ သူတို့အမှီပြုပြီးဖြစ်ရတာကိုကွ (မှန်ပါ

ဘုရား) သူတို့က ပြုံးဆိုပြုံး၊ မဲ့ဆိုရင် (မဲ့ပါဘုရား) အဲတော့ ပြုံးခြင်း၊ မဲ့ခြင်းဆိုတဲ့ဥစ္စာသည် စွဲလမ်းမှုကလာတာလို့ မှတ်ပါ။

မဲ့လို့ရှိရင်လည်း ဒေါမနဿတို့ ဒိဋ္ဌိတို့လာမှာပဲ၊ ပြုံးရင်လည်း လောဘတို့ ဥပါဒါန်တို့ တဏှာတို့ ဥပါဒါန်တို့လာမှာပဲ ရလိုခြင်းလို့ ပဋိစ္စသမုပ္ပါဒ်ဟာ လမ်းကတွေးလုံးက စခဲ့တာက တစ်မျိုး၊ အိမ်ရောက်လို့ အသစ်စရတာက တစ်မျိုး၊ ပဋိစ္စ သမုပ္ပါဒ် ပြတ်တယ်လို့မရှိဘူး (မရှိပါဘူး) မရှိဘူး။

တဏှာ ဥပါဒါန်က ရောက်တဲ့အခါ စတဲ့အခါစတယ်၊ တစ်ခါတလေ ဒိဋ္ဌိကနေစတာ (တင်ပါ့ဘုရား) တစ်ခါတလေ တဏှာကနေစတာ၊ တစ်ခါတလေကျ သူက ထောင်ထောင် မားမားနဲ့ ပြောကြဆိုကြပြန်တဲ့အခါကျတော့၊ ဩော် အားကိုး လောက်တာလေးတွေပဲ မာနပေမဲ့စတယ် ပေါ်ကြပလား (ပေါ် ပါပြီဘုရား)။

ဥပါဒါယ အသ္မိတိ ဟောတိ လေကွာ ဒါမှတ်ရမှာ (တင်ပါ့ဘုရား) **ဥပါဒါယ**=စွဲလမ်းမှုကြောင့်၊ **အသ္မိတိ**=တဏှာမာန ဒိဋ္ဌိသည်၊ **ဟောတိ** = ဖြစ်၏။ ဘယ်သူတုံးဆိုတော့ **ရူပံဥပါဒါယ** (တင်ပါ့ဘုရား) သူတို့ရုပ်တွေကြည့်ပြီး ကိုယ့်မှာတဏှာမာန ဒိဋ္ဌိ သွားဖြစ်တယ်။

တစ်ခါတလေပြန်လာတယ် တဏှာ၊ တစ်ခါတလေပြန် လာတယ် မာန၊ တစ်ခါတစ်လေပြန်လာ ဒိဋ္ဌိ၊ ငါအိမ်ရောက်လို့

ရှိရင်တော့ ဒီသုံးခုတော့ တားမယ်ဟော့၊ ဒီလို ရည်ရွယ်ချက်နဲ့ကို ဝင်မလာဘူး (မလာပါဘုရား) မင်းလည်းအတူတူပဲ (အတူတူပါ ဘုရား) အတူတူပဲ မလာပေဘူးလား။

ဆုံးမမဲ့လူမရှိလို့ရှိရင်ဖြင့်၊ အင်း ပဋိစ္စသမုပ္ပါဒ်စချည့်သေး ရဲ့ဆိုတဲ့စကားကို မပြောသော်လည်း အလုပ်က စနေတယ် (တင်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## အိမ်ဝင်တာလား၊ အပါယ်ဝင်တာလား

အဲ မင်းတို့ အိမ်ဝင်မတတ်သေးပါဘူး (မတတ်သေးပါ ဘူးဘုရား) အိမ်ဝင်မှ မတတ်သေးပဲ (မတတ်သေးပါဘူး) အိမ်ဝင် ကို မတတ်သေးဘူး၊ အိမ်ဝင်တာလား အပါယ်ဝင်တာလားလို့ မေးရတဲ့အခိပ္ပါယ် ရောက်တော့မယ် (တင်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်စတယ်ဆိုကတည်းက အပါယ်ဝင်တာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် နောက်အခါတွေဝင်လို့ရှိရင် ဒီတဏှာလည်း မလာစေဘူးကွ၊ ဒီမာနလည်း မလာစေဘူးကွ၊ ဒီဒိဋ္ဌိလည်း မလာ စေဘူးကွ၊ ကိုယ့်ဟာကို ရှုပြီးသကာလ ကိုယ့်ဟာကိုယ် ဆင်ခြင် မယ်ကွ၊ အသိနဲ့ဆင်ခြင်မယ်ကွ။

## အိမ်ဝင်တတ်ဖို့ရာလုပ်ပါ

မီးဖိုချောင်သွားမယ်ဆို အသိနဲ့သွားမယ်ကွာ၊ ရောက်တဲ့အခါ အလုပ်လည်းအသိနဲ့လုပ်မယ်ကွာ၊ ဒီလိုဆိုရင်တော့ အိမ်အပါယ်ဝင်တာလား၊ နိဗ္ဗာန်ဝင်တာလားလို့ခြားနားသိ ဖြစ်သွားမှာပဲ၊ ခြားနားတဲ့ သဘော မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)

ဒါကြောင့် အိမ်ဝင်တတ်ဖို့ရာပဲ သွားတတ်ပေ့ဆိုတာ မနဲလုပ်ရဦးမှာပါလား (လုပ်ရဦးမှာပါဘုရား) လုပ်ရဦးမှာ။

ကလေးလေး လက်နှစ်ချောင်းမြှောက်ပြီး "သွားတတ်ပေ့" လုပ်တာက အလွယ်လေးပါကွ (တင်ပါဘုရား) လူကြီးကဒီလိုလက်မြှောက်လို့ ဆွဲလို့ဖြစ်တာ မဟုတ်ဘဲနဲ့ မသွားတတ်တာက ခက်တယ် (မှန်ပါ့) အတော် ကြောက်စရာကောင်းတယ် (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

အေး. . . ဒါကြောင့် နောက်ဖြင့် သွားတတ်ပေ့လည်း ဆရာဘုန်းကြီးက အိမ်ပေါ်ကနေပြီး စကြံသွားရင်း မြင်တဲ့အခါ သွားတတ်ပေ့ဖြစ်အောင် လုပ်ကြစမ်းပါ ယောင်ချာချာနဲ့ အိပ်ဆွဲထွက်လာပြီ၊ ဒီလိုနဲ့ မဖြစ်စေနဲ့ကွ (တင်ပါ့ဘုရား)။

## ဝေဒနာကြောင့် တဏှာ မာန ဒိဋ္ဌိဖြစ်တယ်

ကဲ ဒါဖြင့် **ရူပံဥပါဒါယ အသ္မိ ဟောတိ** ပုဏ္ဏ က ဒို့ ဒီလို ဟောတယ်ကွာတဲ့၊ **ဝေဒနံဥပါဒါယ အသ္မီတိ ဟောတိ**၊

ဝေဒနာ အစွဲပြုပြီး သင်္ကာလလည်း အသို - ဖြစ်တာပဲ၊ တဏှာ မာန ဒိဋ္ဌိက။

ဩော် သူတို့ ချမ်းသာနေကြတဲ့အတွက် ကိုယ့်မှာပင် မောငြားသော်လည်း ဝမ်းသာရတယ်ဟော့ အဲဒါ ဒို့ဝေဒနာကွ (မှန်ပါ့) ဒို့မှာ ချမ်းသာတဲ့ ဝေဒနာအကြောင်း အရင်းခံပြီးတော့ ဟိုက တဏှာသွားဖြစ်တယ် (တင်ပါ့ဘုရား)၊ မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

"သညံ ဥပါဒါယ အသ္မီတိ ဟောတိ" တဲ့၊ သညာက ဩော် ရှိသားပဲ ဘယ်သူမှ ဘယ်မှမသွားကြဘူးတွေ့တော့ သူက မှတ်ထားတာကို၊ အဲဒီမှတ် သညာလေးအကြောင်း အရင်းခံပြီး သင်္ကာလ၊ သညာက မှတ်သား လိုက်တယ်ဆိုရင်ပဲ၊ အသ္မိ ဟောတိ တဏှာ မာန ဒိဋ္ဌိလာတာပဲ။

သင်္ခါရအကြောင်း အရင်းခံပြီးသင်္ကာလလည်း ထို့အတူ ပဲတဲ့၊ တဏှာ မာန ဒိဋ္ဌိလာတာပဲ၊ ဝိညာဏ်ဆိုတဲ့ သူတို့စိတ်တွေ အကြောင်းအရင်းခံပြီး တဏှာမာနဒိဋ္ဌိ ဖြစ်တာပဲ။

ဩော် ဒါဘယ့်နှယ်ကြောင့်ဖြစ်ပါလိမ့်မတုံးလို့မေးတဲ့ အခါကျတော့မှ မကြည့်တတ်လို့ဖြစ်တာ (တင်ပါ့ဘုရား) မကြည့်တတ်လို့ဖြစ်တာ၊ ကြည့်တတ်လို့ရှိရင် မဖြစ်ပါဘူး (တင်ပါ့ဘုရား)။

## ကြည့်တတ်ရင်၊ ဝိပဿနာတွေ

ကြည့်တတ်လို့ရှိရင် သူတို့က ဝိပဿနာတွေပဲ၊ ဝိပဿနာ အာရုံတွေပေါ့ကွာ (တင်ပ့ါဘုရား) ရှုစရာတွေ၊ ရှုစရာအကွက်တွေပဲတဲ့။

အဲတော့ကွာတဲ့၊ ဒို့ဆရာပုဏ္ဏ က ဒီလိုဟောတယ်ကွ၊ ရေ ခွက်ထဲ ရေအပြည့်ထည့်၊ ထည့်လို့ဖြစ်စေ၊ မှန်အကြည် ရေသုတ်ထားလို့ဖြစ်စေ၊ မှန်ရှေ့က ရပ်လိုက်ပြီဆိုမှဖြင့် အင်း-ငါနေရာကျသားပဲ၊ ငါစိတ်ပျက်စရာကြီး ဖြစ်နေပါပေါ့လား ဆိုတဲ့ဥစ္စာ၊ မှန်ကြည့်မိတာနဲ့ကွာတဲ့ ဒီဟာတွေလာတာပဲတဲ့၊ မှန်ကြည့်မိတာနဲ့ (မှန်ကြည့်မိတာနဲ့ တဏှာမာနဒိဋ္ဌိတွေ လာတာပဲ) လာတယ်။

အဲတော့ကို ဒီလိုမှတ်ကြရမယ်၊ ဩော် မှန်သည် အရုပ်ဆိုးအကျည်းတန်ကို သူကရှင်းလင်းပေးတယ် (တင်ပ့ါဘုရား) အရုပ်ဆိုးတာကိုလည်း သူကပြောတယ်။

အဲ. . . ချောမောလှပ ပြေပြစ်တာကိုလည်း သူက ပြောတယ်၊ ဒါ မှန်ကြည့်တဲ့ပုဂ္ဂိုလ်၏ အလုပ်မဟုတ်လား (မှန်ပ့ါဘုရား)။

## ခန္ဓာမှန်ကြည့်ပြီးငါထွက်လာတယ်

ဒီမှာလည်းတဲ့ ခန္ဓာမှန်ကို ကြည့်ပြီးသကာလ ကိုယ့်ခန္ဓာ

မှန်ကို ကြည့်လိုက်လည်း ဩော် ငါလုပ်နိုင်သေးတယ်၊ ငါကိုင်နိုင်သေးတယ်၊ ကိုယ့်ခန္ဓာမှန်ကြီးကြည့်ပြီး ငါထွက်လာတာပဲ၊ ငါအရိပ်တွေထွက်လာတာပဲ (ထွက်လာပါတယ်ဘုရား)။

သူတစ်ပါးခန္ဓာကိုယ်ကြီး ကြည့်ပြီးသကာလ၊ အင်း- သူတို့ကြီးလာတော့ အားကိုးရမှာပဲဆိုတဲ့ မာနဆိုတာလည်း သူတစ်ပါး ခန္ဓာမှန်ကြည့်ပြီး သကာလ လာတာပဲ (တင်ပါ့ဘုရား)။

အင်း မြေးလေးတွေရောက်လာတော့ ခင်စရာလေးတွေပဲ၊ အင်း သူတစ်ပါးမှန်ကြည့်ပြီးသကာလ တဏှာလာပြန်တာပဲ၊ မလာဘူးလား (လာပါတယ်ဘုရား)။

## မှန်ကြည့်ကလွဲနေသေးတယ်

ဒါကြောင့် သူတို့ပြောနေကြတာပဲ၊ သူတို့သားသမီးမှန်ကြည့်သလို ကြည့်နေတာ၊ ရှင်ပုဏ္ဏတောင်ဟောဖို့မလို၊ သူတို့ကတောင် အရင်ကြည့်တတ်သေးတယ်၊ သို့သော်လည်း အကြည့်က လွဲနေသေးတယ် (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့လည်း ဆရာဘုန်းကြီးအိမ်ပေါ်မှာ ကိုးကွယ်ထားတယ်၊ မှန်ကြည့်သလိုကြည့်နေတာ အင်း ခက်ပကော (ခက်ပါတယ်ဘုရား) ခက်ပြီတဲ့။

သားသမီးတွေများ မွေးထားတယ်ဆို၊ ကျုပ်တို့ မျက်စိအောက်က အပျောက်မခံပါဘူး၊ အဝေးဆိုလို့ရှိရင် ဘယ်နည်းနဲ့မှ သဘောမတူနိုင်ပါဘူး၊ အေးအတူ ပူအမျှ၊ ဒီမှန်နဲ့ မခွဲနိုင်ဘူး (တင်ပါ့ဘုရား) ဩော် ခက်ကောခက်ရချည့်သေး။

ပြီးတော့ ကြည့်တတ်သလားလို့ မေးတဲ့အခါ တဏှာမာန ဒိဋ္ဌိတွေနဲ့ အပါယ်သွားကြောင်းချည်း ပေါ်လာတာပဲ (တင်ပါ့ဘုရား) ဒီမှန်လေးတွေကြောင့် (တင်ပါ့ဘုရား)။

## ဒိဋ္ဌိမျက်လုံးနဲ့ကြည့်လို့

ဆရာမှန်၊ ခင်ပွန်းမှန်၊ သားသမီးမှန်၊ ကိုယ့်ကိုယ်တည်းဟူသောမှန် ဘာမျက်လုံးနဲ့ ကြည့်လို့ပါလိမ့်မတုံးဆိုတော့၊ အို-ဒိဋ္ဌိမျက်လုံး၊ ပုထုဇဉ်မျက်လုံးနဲ့ ကြည့်လိုက်လို့ မဝေဖန်တတ်တာနဲ့၊ တဏှာမာနဒိဋ္ဌိတည်းဟူသော အရိပ်တွေ ထွက်လာတာ (တင်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ခန္ဓာမှန်ကို အန္ဓပုထုဇဉ်မျက်လုံးနဲ့ကြည့်လိုက်ပြီ ဆိုမှဖြင့် တဏှာမာန ဒိဋ္ဌိအရိပ်တွေ ထွက်လာတယ် (ထွက်လာပါတယ်ဘုရား) ခန္ဓာမှန်ကို အန္ဓပုထုဇဉ်၊ အကြားအမြင်မရှိတဲ့ ပုထုဇဉ်မျက်လုံးတပ်ကြည့်လိုက်လို့ရှိရင်၊ တဏှာမာန ဒိဋ္ဌိတည်းဟူသော အရိပ်တွေထွက်လာတယ် (တင်ပါ့ဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာမာန ဒိဋ္ဌိဟာကြည့်တတ်လို့လာတာလား မကြည့်တတ်လို့လာတာလား (မကြည့်တတ်လို့လာတာပါဘုရား) မကြည့်တတ်လို့ လာတာတဲ့၊ အဲတော့ကိုတဲ့၊ ဒို့ဆရာ ပုဏ္ဏ က ဒီတရားဟောတာကွတဲ့ ခန္ဓာကြည့်ပြီး အသိ လာတာကွ တဏှာမာန ဒိဋ္ဌိလာတာပေါ့လေ (တင်ပါ့ဘုရား)။

အဲတော့ကိုတဲ့ နောက်ဆုံးပိတ်ကျတော့ကွာတဲ့ ဒီတဏှာ မာန ဒိဋ္ဌိ သူဖြုတ်ဖို့ရာ ဟောလိုက်တဲ့အခါ ကျတော့ ကိုတဲ့၊ ဟော့ တပည့် တို့ရုပ်ဟာ အနိစ္စလား နိစ္စလား မေးတယ်ကွ၊ အနိစ္စလို့ မြင်တဲ့အခါကျတော့ တဏှာ မလာဘူး ကွ၊ မာနကလည်း မလာဘူး၊ ဒိဋ္ဌိကကော (မလာပါဘူးဘုရား)။

ဩော် ဒီခန္ဓာကြည့်တာကို (တင်ပါ့) ရှုပက္ခန္ဓာကြည့်လိုက်တာ၊ ဒီဝေဒနာကြည့်လိုက်တာ၊ ဒီခန္ဓာငါးပါးထဲက တစ်ပါးပါးကြည့်လိုက်တာပဲတဲ့။

## ဆရာကောင်းတပည့်မျက်လုံးနဲ့ကြည့်ပါ

အဲဒီလို သုတဝါအရိယာသာဝကောမျက်လုံးနဲ့ အကြားအမြင်များတဲ့ ဆရာကောင်းတပည့်မျက်လုံးနဲ့ တပ်ကြည့်လိုက်ပြန်တော့လို့ရှိရင်လည်းတဲ့ တဏှာ မာန ဒိဋ္ဌိချုပ်သွားတယ် သူ အင်မတန် သဘောပါတဲ့ ကိုယ်တော်ပေါ့ (သဘောပါပါတယ်ဘုရား)။

ဒါက ဆရာဘုန်းကြီးက ဖြည့်စွက်ထားတာက အကြား အမြင်မရှိတဲ့ ပုထုဇဉ်မျက်လုံးတပ်ရင် တဏှာမာန ဒိဋ္ဌိအရိပ်ထွက် မယ် (တင်ပ့ါဘုရား) မှန်ထဲက အရိပ်ပေ့ါကွာ (တင်ပ့ါဘုရား)။

ဘာတုံး (မှန်ထဲကအရိပ်ပါဘုရား) အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ကြည့်လိုက်လို့၊ ခန္ဓာမှန်ကို ကြည့်လိုက်တဲ့အခါ ခန္ဓာဟာ မှန်ကြီးပေ့ါကွ (တင်ပ့ါဘုရား) အကြားအမြင်မရှိတဲ့ ပုထုဇဉ်က အကြည့်သမားပေ့ါကွာ (တင်ပ့ါ) တဏှာ မာန ဒိဋ္ဌိက အရိပ်ပေ့ါ ကွ။

အင်းအကြားအမြင်မရှိဘဲနဲ့၊ မြို့ထဲရွာထဲနေကြ ထိုင်ကြတဲ့ ပုဂ္ဂိုလ်များ ဘာကြည့်ကြည့် ထွက်နေတုံး၊ သားကြည့် ကြည့်၊ သမီးကြည့်ကြည့်၊ ခင်ပွန်းကြည့်ကြည့်၊ မိမိကိုယ်ကို ကြည့်ကြည့်၊ ဒီအရိပ်သုံးခုမှတစ်ပါး ဘာမှထွက်စရာမရှိဘူး (တင်ပ့ါဘုရား)။

ဒါဖြင့် ဒို့ခဏခဏပြောနေတဲ့ ဘုရားဟောတော်မူတာ ကြီးနဲ့ မောင်ချစ်ဆွေကိုက်သွားတယ် (မှန်ပ့ါဘုရား)။

သုဂတိနိဗ္ဗာန်ပို့တာမရှိပါဘူးကွာ၊ ဘုရားကမဟော ထိုက်ဘူးလား (ဟောထိုက်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး သူတို့ ကြည့်တဲ့ မာနက ဘာမျက်လုံးတပ်ကြည့်တုံး၊ အကြားအမြင် မရှိတဲ့ ပုထုဇဉ်မျက်လုံး (တင်ပါဘုရား)။

အကြားအမြင်မရှိတဲ့ ပုထုဇဉ်မျက်လုံးနဲ့ ကြည့်လိုက်၊

မိမိခန္ဓာကြည့်ကြည့်၊ သူတစ်ပါး ခန္ဓာကြည့်ကြည့်၊ အကြားအမြင်မရှိတဲ့ မျက်လုံးနဲ့သာ ကြည့်မယ်ဆိုရင်ဖြင့်တဲ့ တဏှာ မာန ဒိဋ္ဌိအရိပ်မှ တစ်ပါး ဘာမှ ထွက်စရာမရှိ (တင်ပါဘုရား)။

## အကြားအမြင်မရှိတာ အဆိုးဝါးဆုံး

ဒါဖြင့် တဏှာ ပစ္စယာဥပါဒါန်၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် စစပြီး တည်ထောင်တာကြီးလာတာပဲ၊ ဒါဖြင့် အကြားအမြင် မရှိရမှာလောက် ကြောက်စရာကောင်းတာတော့ဖြင့် ရှာမတွေ့တော့ဘူး၊ သဘောပါကြပလား (သဘောပါပါပြီဘုရား) အကြားအမြင်မရှိတာ အဆိုးဝါးဆုံးပဲ (ဆိုးဝါးပါတယ်ဘုရား)။

ဒီက အကြားအမြင်ရှိတဲ့ မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အင်း ရုပ်ဟူသရွေ့ဟာလည်း သဗ္ဗေသင်္ခါရာအနိစ္စ၊ အလုံးစုံရုပ်တွေဟာ အနိစ္စ၊ "**ရူပံအနိစ္စံ၊ ရူပံဒုက္ခံ၊ ဝေဒနာအနိစ္စံ၊ ဝေဒနာ ဒုက္ခံ** နဲ့ ကြားဖူးထားတော့ အကြားအမြင်ရှိတဲ့အခါကျတော့၊ တဏှာ မာနဒိဋ္ဌိချုပ်ပြီးသကာလ၊ မဂ်ရိပ်ဖိုလ်ရိပ်တွေ ထွက်လာတယ် (တင်ပါဘုရား)။

တဏှာ မာန ဒိဋ္ဌိချုပ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ထွက်လာတယ်၊ မထွက်လာဘူးလား (ထွက်လာပါတယ်ဘုရား) ဝိပဿနာဉာဏ်တွေကော (ထွက်လာပါတယ်ဘုရား)။

ဒါက ဘယ်လို ပုဂ္ဂိုလ်တုံးလို့ အမေးထုတ်တဲ့အခါ ကျမ့၊ အကြားအမြင်ရှိတဲ့ပုဂ္ဂိုလ် မျက်လုံးနဲ့ ခန္ဓာမှန်ကြည့်လိုက်တဲ့ အခါကျတော့ကိုတဲ့၊ အပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်တွေ ဖြတ်တောက်ပြီးသကာလ၊ ဝိပဿနာမဂ် လောကုတ္တရာမဂ် ဖြတ်တောက်တတ်တဲ့ အရိပ်တရားတွေ ထွက်လာတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကြည့်နည်းနှစ်မျိုး

ဒါဖြင့် ဩော် ကြည့်နည်းနှစ်မျိုးရှိတယ်ဆိုတာ ယနေ့ ပေါ်လာတယ် (တင်ပါဘုရား) အကြားအမြင် မရှိတဲ့ မျက်လုံးနဲ့ ခန္ဓာမှန်ကြည့်ကြတော့ တဏှာမာန ဒိဋ္ဌိဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အစပေါ်သည်။

အကြားအမြင်ရှိတဲ့ သုတဝါ အရိယာသာဝကောဆိုတဲ့ အကြားအမြင်ရှိတဲ့ အရိယာ သာဝကတွေ၊ အရိယာတို့၏ တပည့်ဖြစ်တဲ့ ပုဂ္ဂိုလ်များကျတော့၊ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ အရိပ်တွေ ထွက်လာတယ် (တင်ပါဘုရား)။

ရုပ်ကြည့် လိုက်လို့ရှိရင်ဖြင့်၊ အကြားအမြင်ရှိပြီးသား ပုဂ္ဂိုလ်ကြည့်လိုက်ပြီးဆိုမှဖြင့်၊ ဩော် အနိစ္စဉာဏ်ထွက် လာတယ်၊ ရုပ်ဟာ အနိစ္စပါလားဆိုတာ ရုပ်ပုံတည်းဟူသော မှန်ကြောင့် အနိစ္စဉာဏ်ထွက်လာတယ် (တင်ပါဘုရား)။

အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်၊ ဒုက္ခသစ္စာသိတဲ့ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ထွက်လာတယ်၊ တဏှာ မာနဒိဋ္ဌိ လာသေးရဲ့လား၊ (မလာပါဘုရား)။

## အရေးကြီးတာက ဘာပါလိမ့်

အဲဒါဖြင့် ဒီနေ့မှာဖြင့် အရေးကြီးတာက ဘာပါလိမ့် မတုံး မေးတော့၊ အကြားအမြင်ရှိဖို့နဲ့ မရှိဖို့ရာ၊ ရှင်ပုဏ္ဏ-က အတော်အရေးကြီးတာ ပြောတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် အကြားအမြင်ရှိဖို့ သည်ကားလို့ဆိုရင် တစ်နံ ပါတ် အရေးကြီးတယ် (တင်ပါဘုရား) ပြီးတော့မှ အလုပ်လုပ်ဖို့ နှစ်နံပါတ်အရေးကြီးတာပါ (မှန်ပါဘုရား)။

အကြားအမြင်မရှိဘူးဆိုလို့ရှိရင်ဖြင့်တဲ့ ဒီဒကာဒကာမ တွေဟာ တက်လမ်းဆိုတာ လုံးဝမရှိပါဘူး (တင်ပါဘုရား) မျောလမ်းမြုပ်လမ်းမှတစ်ပါး ရှာလို့မတွေ့ဘူးဆိုတာမှတ်ထားပါ (တင်ပါ)။

## အကြားအမြင်ရှိရင်ဆန်လမ်း

အကြားအမြင်ရှိလာလို့ ရှိရင်ဖြင့် ဆန်လမ်းချည်း ရောက်မယ်လို့ အောက်မေ့ပါ (တင်ပါဘုရား) ဝိပဿနာဉာဏ် မဂ်ဉာဏ်ပဲ ပေါ်လာတယ်၊ အကြားအမြင်ရှိတော့ ဟာ ဒါ အခုမြင်တာ ရုပ်ပါလား၊ အဘင်္ဂ်းရုပ်ပါလား၊ သူလည်း အနိစ္စပဲ။

သူပြုံးနေတာ သူ့ဝမ်းထဲ သောမနဿပါလား၊ မိမိပြုံးတာလည်း သောမနဿပါလား၊ သောမနဿဖြစ်ပျက်ရှုလိုက်တဲ့အခါ ဝေဒနာကမ္မဋ္ဌာန်းကြောင့် မဂ်ဉာဏ်ထွက်လာတယ် (တင်ပါဘုရား)။

ဒါဖြင့် အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ် တဏှာမာနဒိဋ္ဌိ၊ ပဋိစ္စသမုပ္ပါဒ်အစတွေ ပေါ်ထွက်လာတယ်၊ အကြားအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်တွေ ထွက်လာတယ် (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

## သောတာပန်တည်တဲ့အလုပ်ဟာ ပြီးပြီးသား

ဒါဖြင့် ဘယ်လိုနေ ဘယ်လိုထိုင်မှ တော်ပါ့မလဲဆိုတာ၊ ကိုယ့်ကိုယ်ကို သနားလို့ရှိရင် အကြားအမြင်ရှိတဲ့ မျက်လုံးနဲ့ ကြည့်ပါ၊ ဘယ်အခါမဆို ကြည့်လိုက်လို့ရှိရင်ဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တွေ အမှန်ထွက်လာလို့ရှိရင်၊ ငါနိဗ္ဗာန်ရောက်ပါ့မလားလို့ ဆိုစရာ မလိုတော့ဘူး၊ သုတဝါ အရိယာ သာဝကောဖြစ်လေသောကြောင့် ဒိဋ္ဌိပြုတ် သောတာပန် တည်တဲ့အလုပ်ဟာ ပြီးပြီးသားလို့ မှတ်ပါ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ ယနေ့ ဒီတွင် တော်ဦး

သာဓု . . . သာဓု . . . သာဓု။